မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၁ ရက်၊ ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီ ၁၃ ရက်၊ စနေနေ့၊ အတွဲ(၄၆)၊ အမှတ် (၁၀၅)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

(၅၉) နှစ်မြောက် လွတ်လပ်ရေးနေ့ မလေးရှားဘုရင်ထံမှ ဝမ်းမြောက်သဝဏ်လွှာပေးပို့

ရန်ကုန် ဇန်နဝါရီ ၁၂

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ မလေးရှားနိုင်ငံ ဘုရင် တွန်ကူမီဇန်ဇိုင်နယ်လ်အဘီဒင်အစ်ဘ်နီအယ်လ်မာဟွန်း စူလ်တန်မာမတ်အယ်လ်မုတာဖီဘီလားရှားထံမှ သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပါးအပ်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံခြင်းဖြင့် လာမည့်နှစ်များတွင် ပိုမိုအားသစ်လောင်းနိုင်လိမ့်မည်ဟု ယုံကြည်မိပါကြောင်း၊ အဆွေတော် ကျန်းမာရွှင်လန်းစေရန်နှင့် မြန်မာပြည်သူပြည်သားများ ကြီးပွားတိုးတက်စေရန် ဆုမွန်ကောင်းတောင်းပါကြောင်းဖြင့် ဖော်ပြပါရှိသည်။

(မြန်မာ့အလင်း)

ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း ကွန်းချောင်းနှင့် ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းများ ကြည့်ရှုစစ်ဆေး စီမံကိန်းများစံချိန်စံညွှန်းမီ သတ်မှတ်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်ရေးမှာကြား

ရန်ကုန် ဇန်နဝါရီ ၁၂

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် ဒုတိယဝန်ကြီးဦးမျိုးမြင့် လိုက်ပါ၍ ဇန်နဝါရီ ၁၁ရက် နံနက်ပိုင်းက ဖြူးမြို့ အနောက်တောင်ဘက် ကိုးမိုင်ခန့်အကွာ၌ တည်ဆောက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိပြီး စီမံကိန်းညွှန်ကြားရေးမှူး ဦးမော်သာထွေးနှင့် တာဝန်ရှိသူများနှင့်အတူ ဖိအားမြှင့်ဥမင်လိုဏ် ဖောက်လုပ်ခြင်း လုပ်ငန်းကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးသည် ပင်မရေပိုလွှဲ တည်ဆောက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသောလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း ရွှေကျင် ရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။

(အမှတ်-၁ လျှပ်စစ်)

မြန်မာ့အလင်း ဆောင်းပါး အညွှန်း

နိဘာယ်လ်ဆုရှင် အမျိုးသမီးအနေနဲ့ ကမ္ဘာ့ငြိမ်းချမ်းရေးရအောင် စွမ်းဆောင်ခဲ့တဲ့ မှတ်တမ်းမှတ်ရာတစ်လုံးမျှ သီကုံးဖွဲ့နွဲ့စရာ မရှိခဲ့တဲ့အပြင် မြန်မာနိုင်ငံရဲ့ တည်ငြိမ်အေးချမ်းနေတဲ့ အခြေအနေတွေကို ပျက်ပြားအောင် လှုံ့ဆော်ဖန်တီးလှုပ်ရှားခဲ့တဲ့ အနှောင့်အယှက် အဖျက်လုပ်ရပ်တွေကလည်း ပြောမကုန်အောင် တစ်ပုံတစ်ပင်ကြီး တွေ့ခဲ့ ကြုံခဲ့ မြင်ခဲ့ရတယ်ဗျာ။

ပေါက်စ၏ ငြိမ်းချမ်းရေးဆုလား စွက်ဖက်ဆူပူရေးဆုလား ဆောင်းပါး (စာ-၁၀)တွင်ဖတ်ရှုနိုင်ပါသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်
(၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်)

အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ပြည်သူများ ပူးပေါင်းပါဝင် စွမ်းဆောင်

နိုင်ငံတော်၏အခြေခံသယံဇာတဖြစ်သော ရေ၊ မြေ၊ တောတောင်နှင့် ရာသီဥတု အရင်းအမြစ်များကို ပျက်ယွင်းမှုမရှိရအောင် အစဉ်ထိန်းသိမ်းကြရမည်ဖြစ်သည်။ တောတောင် ပျက်စီးပါက ဘူမိအနေအထားလည်း ပြောင်းလဲကာ ရာသီဥတု ဖောက်ပြန်လာမည် ဖြစ်သည်။

သစ်ပင်သစ်တောများနှင့် တောတောင် စိမ်းလန်းစိုပြည်နေမှသာလျှင် ရေအရင်းအမြစ် အလုံအလောက်ရရှိမှု၊ မြေဆီလွှာ ထိန်းသိမ်းကာကွယ်မှု၊ ရာသီဥတု မျှတမှုတို့ဖြစ်ပေါ်ပြီး သီးနှံစိုက်ပျိုးစွမ်းအားကို အထောက်အကူပြုမည် ဖြစ်သည်။

နိုင်ငံတော်က စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍနှင့် ဆက်စပ်နေသည့် သစ်တော ကဏ္ဍကိုလည်း ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရေး အလေးထား ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံအလယ်ပိုင်းရှိ အပူပိုင်းဒေသ၌ သစ်ပင်သစ်တော စိမ်းလန်းစိုပြည်ရေးအတွက် စီမံချက်များချမှတ်ပြီး အကောင်အထည်ဖော်ခဲ့ရာ တိုးတက် အောင်မြင်လျက်ရှိသည်။

အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးအတွက် ဆည်မြောင်း၊ တာတမံများ တိုးချဲ့ တည်ဆောက်ခြင်း၊ သစ်ပင်များ ရှင်သန်အောင် သစ်တောများထိန်းသိမ်း၍ သစ်ပင်များ တိုးချဲ့ခြင်းတို့ကြောင့် ယခင်နှင့်မတူဘဲ ရာသီဥတုကောင်းမွန်ကာ အပူချိန်လျော့နည်း ကျဆင်းလာလျက်ရှိသည်။

နိုင်ငံတော်က သစ်တောထိန်းသိမ်းခြင်း၊ သစ်ပင်စိုက်ပျိုးခြင်းတို့ကိုသာမက သစ်တော သစ်ပင် မပြုန်းတီးရေး၊ ထင်းအစား အခြားလောင်စာအသုံးပြုနိုင်ရေးအတွက် ကျယ်ကျယ် ပြန့်ပြန့် စီစဉ် ဆောင်ရွက်ပေးလျက်ရှိသည်။

သို့ဖြစ်ရာ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးနှင့် ရာသီဥတု ကောင်းမွန်ရေးတို့အတွက် နိုင်ငံတော်နှင့်အတူ ဒေသခံပြည်သူများ ပူးပေါင်းပါဝင် စွမ်းဆောင်လာသည်နှင့်အမျှ အပူပိုင်းဒေသ ထာဝစဉ် စိမ်းလန်းစိုပြည်ရေးကို အောင်မြင်စွာ ဆောင်ရွက်နိုင်ကြမည် ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

လက်ခံရယူ

ရောဝတီတိုင်း မြောင်းမြမြို့ ဝေဠုဝန် ကျောင်းတိုက်မှ ဦးသော ဘဏက အထွေထွေပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာသို့ လာရောက် လှူဒါန်းရာ နှင်းဆီကုန်း ဘိုးဘွား ရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ရှိန် လက်ခံယူစဉ်။

(က–ပ)

မြဝတီရုပ်မြင်သံကြား

၁၃–၁–၂၀၀၇ (စနေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၁၅ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၂၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၀ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၁၅ ၁၁။ ဆရာတော် ဦးဃောသိတ တရားတော် **“တေဝိဇ္ဇသုတ်”**

နေ့လယ်ပိုင်း

၁၂း၀၀ ၁။ မြဝတီအဖွင့်
၁၂း၀၅ ၂။ အဖွင့်သီချင်း
၁၂း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂း၂၀ ၄။ သာယာသီကြွေး ခေတ်ဆန်းတေး
၁၂း၃၀ ၅။ ရုပ်မြင်သံကြားဇာတ်လမ်း **“သမုဒ္ဒရာနှင့် တူသောအချစ်”** အကယ်ဒမီဒွေး၊ အကယ်ဒမီ နန္ဒာလှိုင်
၁၃း၅၀ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၅ ၃။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၄း၃၅ ၄။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၅း၃၅ ၅။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၆။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၇။ နိုင်ငံတကာသတင်း
၆း၂၀ ၈။ မိုးလေဝသသတင်း
၆း၂၅ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၀ ၁၀။ လျှပ်တစ်ပြက်
၆း၄၀ ၁၁။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
၇း၀၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“မြစ်တစ်စင်းရဲ့သံစဉ်”** (အပိုင်း–၉)
၈း၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၅။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၁၆။ English Premier League ဘောလုံးပွဲ Manchester United Vs Aston Villa (Live)

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ဂုဏ်ပြု မုံရွာမြို့ စကားဝါလမ်းနှင့်ဈေးလမ်း ကတ္တရာလမ်းသစ်များဖွင့်

နေပြည်တော် ဇန်နဝါရီ ၁၂

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဇန်နဝါရီ ၃ ရက် နံနက်ပိုင်းက (၅၉)နှစ်မြောက် လွတ်လပ်ရေး နေ့ကို ဂုဏ်ပြုသောအားဖြင့် ဖွင့်လှစ်သည့် မုံရွာမြို့အတွင်း စကားဝါလမ်းနှင့်ဈေးလမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်း သစ်များဖွင့်ပွဲသို့ တက်ရောက်ရာ ရှေးဦးစွာ မုံရွာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမြတ်စိုးက စကားဝါလမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်နှင့် ပတ်သက်သည်များကို ရှင်းလင်းတင်ပြသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် မြို့နယ်စည်ပင် သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြတ်စိုးနှင့် လမ်းဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ဦးဘကြိုင်တို့က ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး တိုင်းမှူးနှင့်ဧည့်သည် တော်များသည် ကတ္တရာလမ်းသစ် တစ်လျှောက် လှည့်လည်ကြည့်ရှုကြ သည်။ **(ဓဲပုံ)**

ဖဲကြိုးဖြတ်ဖွင့်လှစ်

ယင်းနောက် တိုင်းမှူးသည် မုံရွာမြို့ ဈေးလမ်းကတ္တရာလမ်းသစ် ဖွင့်ပွဲသို့ တက်ရောက်ရာ အစီအစဉ်အရ မုံရွာမြို့နယ် ဥက္ကဋ္ဌနှင့်လမ်းဖြစ်မြောက် ရေး ကော်မတီအဖွဲ့ဝင်တို့က ကတ္တရာ လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းမှူးနှင့် ဧည့်သည်တော်များသည် ကတ္တရာလမ်းသစ်ကိုလှည့်လည်ကြည့်ရှု ကြသည်။

အကုန်အကျခံဖောက်လုပ်ခဲ့

အဆိုပါ စကားဝါလမ်းနှင့် ဈေးလမ်းတို့သည် ကတ္တရာလမ်းဖြစ်ပြီး မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူများ ပူးပေါင်းဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး စကားဝါလမ်းမှာ လမ်းအရှည်ပေ ၁၅၀၀ရှိပြီး မြို့နယ်စည်ပင်သာယာရေး အဖွဲ့က ငွေကျပ်၂၂၈၃၀၀၀၊ ပြည်သူများ လှူဒါန်းငွေကျပ် ၃၉သိန်းကျော်၊ စုစုပေါင်းငွေကျပ် ၆၂ သိန်းကျော်ဖြင့် လည်းကောင်း၊ ဈေးလမ်းမှာ လမ်း အရှည်ပေ၂၂၅၀ ရှိပြီး မြို့နယ်စည်ပင် သာယာရေးအဖွဲ့က ငွေကျပ် ၅၃ သိန်း တစ်သောင်းနှင့် ပြည်သူများ လှူဒါန်း ငွေကျပ် ၁၂၃ သိန်းကျော် စုစုပေါင်း ငွေကျပ် ၁၇၇ သိန်းကျော်ဖြင့် လည်း ကောင်း အကုန်အကျခံ ဖောက်လုပ်ခဲ့ ခြင်းဖြစ်ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

ဂုဏ်ပြုဆုချီးမြှင့်

မင်္ဂလာဒုံမြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန် ဆုပေးပွဲကို ဇန်နဝါရီ ၇ရက်က ကျင်းပရာ ၂၀၀၅–၂၀၀၆ ပညာ သင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရှင် မမေ သဲပိုအား ကျောင်းအုပ်ဆရာကြီး ဦးကြည်စိန်က ဂုဏ်ပြုဆုချီးမြှင့်စဉ်။

(က–ပ)

ပေါင်းလောင်းအသင်း(ရန်ကုန်) နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဇန်နဝါရီ ၁၂

ပေါင်းလောင်းအသင်း(ရန်ကုန်)၏ (၂၂)ကြိမ်မြောက် နှစ်ပတ်လည် အစည်း အဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၁ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ဗဟန်းမြို့နယ် ရွှေတိဂုံဘုရား အလယ်ပစ္စယာ အာဇာနည်လမ်းရှိ ရှင်သာမဏေဓမ္မဗိမာန်တွင် ကျင်းပမည်ဖြစ်ရာ အသင်းသူ အသင်းသားများ မပျက်မကွက်တက်ရောက်ကြရန် ဖိတ်ကြားနှိုးဆော် ထားသည်။

အသက် ၈၀ နှင့် အထက် အသင်းဝင်များ၊ အသင်းဝင်တို့၏ မိဘများ၊ ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ဂုဏ်ထူးရရှိသော အသင်းဝင် တို့၏ သားသမီးများအမည်စာရင်းကို အသင်းရုံးဖုန်း–၅၀၂၅၃၅၊ ၅၀၂၅၃၆ တို့သို့ ဆက်သွယ်စာရင်း ပေးပို့ကြပါရန်နှင့် အလှူငွေများထည့်ဝင်ကြရန် နှိုးဆော် ထားသည်။

(က–ပ)

● **ရှေ့ဖုံးမှ**

ဆက်လက်၍ ဝန်ကြီးသည် ရေထိန်းမျှော်စင်နှင့် Access Bridge တည်ဆောက် ပြီးစီးမှုနှင့် ဆက်လက် ဆောင်ရွက်နေသည့် လုပ်ငန်းများကိုကြည့်ရှုစစ်ဆေးပြီး ရေယူအဆောက်အအုံ တည်ဆောက်ခြင်းလုပ်ငန်းသို့ သွားရောက်၍ ရေယူအဆောက်အအုံ တည်ဆောက် ပြီးစီးမှုအခြေအနေ၊ ရေယူ အဆောက်အအုံ၌ သံမဏိ ပိုက်လိုင်းများ တပ်ဆင်ခြင်း လုပ်ငန်းနှင့် ကွန်ကရစ်လုပ်ငန်းများကို ကြည့်ရှုစစ်ဆေး၍တာဝန်ရှိသူများအား လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ရေကြောင်းသတိပေးချက်ထုတ်ပြန်

ရန်ကုန် ဇန်နဝါရီ ၁၂

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ရေနံရှာဖွေတူးဖော်ရေး လုပ်ငန်းများတွင် အကျိုးတူပူးပေါင်း ဆောင်ရွက်လျက်ရှိသော Essar Exploration & Production Myanmar Ltd. သည် ရခိုင်ကမ်းလွန် လုပ်ကွက်အမှတ်(A-2)တွင် 3D Seismic Survey တိုင်းတာရေး လုပ်ငန်းများကို တိုင်းတာရေးရေယာဉ် MV NORDIC EXPLORER ဖြင့် ဇန်နဝါရီ ၁၅ ရက်မှ မတ် ၁၅ ရက်အထိ ဆောင်ရွက်သွားမည် ဖြစ်သည်။

3D Seismic Survey တိုင်းတာရေးလုပ်ငန်းများဆောင်ရွက်မည့် ဧရိယာ အကျယ်အဝန်းမှာ Point A မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၁၅ မိနစ် ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၄၄ မိနစ် ၀၀ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၁၂ မိနစ် ၀၀စက္ကန့်၊ အရှေ့ လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၄၆ မိနစ် ၀၀ စက္ကန့်၊ Point C မြောက် လတ္တီတွဒ် ၂၀ ဒီဂရီ ၀၆ မိနစ် ၃၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၅၃ မိနစ် ၃၀ စက္ကန့်၊ Point D မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ၀၃ မိနစ် ၃၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၅၄ မိနစ် ၄၅ စက္ကန့်၊ Point E မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၈ မိနစ် ၃၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ဒီဂရီ ၀၁ မိနစ် ၃၀ စက္ကန့်၊ Point F မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၄ မိနစ် ၀၀ စက္ကန့်၊အရှေ့လောင်ဂျီတွဒ် ၉၃ဒီဂရီ ၂၄ မိနစ် ၂၀ စက္ကန့်၊Point G မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၆ မိနစ် ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၂၅ မိနစ် ၃၀ စက္ကန့်၊ Point H မြောက်လတ္တီတွဒ်၁၉ ဒီဂရီ ၃၆ မိနစ် ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၄၄ မိနစ် ၀၀ စက္ကန့်တို့ အတွင်း၌ ဖြစ်သည်။

သို့ပါ၍ 3D Seismic Survey တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေးရေယာဉ် MV NORDIC EXPLORER ဖြင့် ဆောင်ရွက်နေစဉ် ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင် ဧရိယာမှ လေးကီလိုမီတာအတွင်းကို ရေကြောင်းသတိပေးချက် (Notice to Mariner's) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီး/ငယ်များ ကုန်တင်စက်လှေများ၊ စက်တပ် သမ္ဗာန်များနှင့် ငါးဖမ်းသင်္ဘောများ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချ ရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းများ မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားသည်။

(သတင်းစဉ်)

✡ *ကျောဖုံးမှ*

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် နံနက် ၁၁ နာရီခွဲတွင် မန္တလေးတိုင်း တပ်ကုန်းမြို့နယ် ရွှေမြို့ကျေးရွာ မွေးမြူရေးဇုန်(၂)ရှိ မန္တလေးတိုင်းမွေးမြူရေး လုပ်ငန်းအဖွဲ့ချုပ်၏ တည်ဆောက်ဆဲ အစာစပ်စက်ရုံနှင့် တိရစ္ဆာန်ဆေးဝါး စက်ရုံတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် မွေးမြူရေးဇုန်(၂)ရှိ မွေးမြူရေးလုပ်ငန်းရှင် ဦးမောင်မောင်လွင်၏ နို့စားနွားမွေးမြူရေးခြံကို သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လမ်းမတော်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ စီစဉ်မှုဖြင့် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် အသုံးပြုရန် အမှတ် ၁၊၂၊၃၊၄၊၅၊၆၊၇၊၁၀ ရပ်ကွက်များမှ ပစ္စည်းနှင့် ငွေစုစုပေါင်း တန်ဖိုး ကျပ်တစ်သိန်းခုနစ်သောင်းလေးထောင် ပေးအပ်လှူဒါန်းပွဲကို ၂၀၀၆ခုနှစ် ဒီဇင်ဘာ၃၀ရက်က အမှတ်(၄) ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ကျင်းပရာ အလှူရှင်များကိုယ်စား အမှတ်(၅) ရပ်ကွက် ဥက္ကဋ္ဌ ဦးစိုးမြင့်အောင်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူးဦးမြင့်မောင်ထံ ပေးအပ်လှူဒါန်းစဉ်။

(မြို့နယ် ပြန်/ဆက်)

စံချိန်စံညွှန်းမီ

ထို့နောက် ဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူကျောက်ဖြည့်တမံတည်ဆောက်ရန် စက်ယန္တရားများဖြင့် တမံအောက်ခြေ၌ကျောက်သားမြေသားများ ဖို့သည့် လုပ်ငန်းဆောင်ရွက်နေမှုကို အသေးစိတ် ကြည့်ရှုစစ်ဆေးပြီးတာဝန်ရှိသူများအား လုပ်ငန်းသုံးပစ္စည်းများ စံချိန်စံညွှန်းပြည့်မီရေး၊ အရည်အသွေး ဂရုစိုက်ရေးနှင့် အချိန်မီပြီးစီးရေးတို့ကို မှာကြားသည်။

မဂ္ဂါဝပ် ၆၀

ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်း ပြီးစီးပါက မဂ္ဂါဝပ် ၆၀ တပ်ဆင်ထုတ်လုပ်ပေးမည့် ရေအား လျှပ်စစ်စီမံကိန်း ဖြစ်ကြောင်းသိရသည်။

ဖြည့်စွက်တင်ပြ

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ရွှေကျင်မြို့ အရှေ့မြောက်ဘက် ခြောက်မိုင်ခန့်အကွာ ကျောက်နဂါးရွာအနီး ရွှေကျင်ချောင်းပေါ်၌ တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသော **ရွှေကျင်ရေအားလျှပ်စစ် စီမံကိန်း**သို့ ရောက်ရှိပြီး စီမံကိန်းရှင်းလင်းဆောင်၌ ဝန်ကြီးအား စီမံကိန်းညွှန်ကြားရေးမှူး ဦးဝမ်ကြည်က တမံမြေဖို့ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက် ဆောင်ရွက်နေသည့်လုပ်ငန်း၊ ရေယူ အဆောက်အအုံ တည်ဆောက်ပြီးစီးမှုနှင့် ဆက်လက် ဆောင်ရွက်နေသည့် လုပ်ငန်းများ၊ စီမံကိန်းတစ်ခုလုံး၏ ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲ လုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်ရန် လျာထားချက်တို့ကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ဖြည့်စွက်တင်ပြပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးသည်။

ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်း ပြီးစီးပါက ၁၈ ဒသမ ၇၅ မဂ္ဂါဝပ် အင်အားရှိ ဓာတ်အားပေးစက် လေးလုံး စုစုပေါင်းတပ်ဆင်အင်အား ၇၅ မဂ္ဂါဝပ် တပ်ဆင်ထုတ်လုပ်ပေးမည့် စီမံကိန်း ဖြစ်ကြောင်းသိရသည်။

ကြိုးပမ်းဆောင်ရွက်

ဝန်ကြီးသည် စီမံကိန်းများသို့ လှည့်လည်ကြည့်ရှုစစ်ဆေးရာ၌ စီမံကိန်းများကို သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ရေး၊ အလေအလွင့်နည်းပါးရေး၊ လုပ်ငန်းသုံးယာဉ်နှင့်ယန္တရားများကို စနစ်တကျ ကိုင်တွယ် မောင်းနှင်ထိန်းသိမ်းရေး၊ ပွင့်လင်းရာသီတွင် လုပ်ငန်းများကို အားသွန်ခွန်စိုက် လုပ်ကိုင်ရေး၊ မီးဘေးအန္တရာယ် ကာကွယ်ရေးနှင့်လုပ်ငန်းခွင်ဘေး အန္တရာယ် ကင်းရှင်းရေးတို့ကို ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမှတ်(စီ–၁) ကမ္ဘာအေးဗီလာ ကမ္ဘာအေးစေတီလမ်း မရမ်းကုန်းမြို့နယ်နေ မောင်အောင်မြတ်ဆက်၏ (၁၁)နှစ်ပြည့် မွေးနေ့အလှူအဖြစ် ဗဟန်း မြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့တိုးချဲ့ဆေး ရုံ သစ် ကြီး အတွက် အလှူငွေ ကျပ် သုံး သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) ဦးညွန့် လက်ခံယူစဉ်။

(က–ပ)

ဆရာတော်ကြီးထံမှ ဩဝါဒခံယူပွဲ

ရန်ကုန် ဇန်နဝါရီ ၁၂

တန့်ကြည့်တောင်ဆရာတော်ကြီးမှ တန့်ကြည့်တောင် ဝိပဿနာ ရိပ်သာ(ရန်ကုန်) ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့ဝင် ယောဂီများအား ဩဝါဒချီးမြှင့်မည်ဖြစ်ရာ ဇန်နဝါရီ ၁၄ရက် (တနင်္ဂနွေနေ့) နံနက်၁၀နာရီတွင် ကပ္ပိယကာရကအဖွဲ့ရုံး (ဖုန်း–၆၃၈၀၈၈)သို့ ကြွရောက်ကြရန် ကပ္ပိယကာရကအဖွဲ့က ဖိတ်ကြားနိုးဆော်ထားသည်။ **(က–ပ)**

စက်မှု(၁) ဈေးရောင်းပွဲတော် ရက်တိုးမြှင့်

ရန်ကုန် ဇန်နဝါရီ ၁၂

အမှတ်(၁)စက်မှုဝန်ကြီးဌာနက ရန်ကုန်မြို့ လှိုင်မြို့နယ် လှိုင်အားကစားကွင်း၌ ကျင်းပလျက်ရှိသော စက်မှု(၁) ဈေးရောင်းပွဲတော်ကို ဇန်နဝါရီ ၂၀ ရက်အထိ ရက်ထပ်မံတိုးမြှင့် ကျင်းပသွားမည်ဖြစ်ပြီး အဆိုပါဈေးပွဲတော်တွင် အမှတ်(၁) စက်မှုဝန်ကြီးဌာနမှ ထုတ်ကုန်ပစ္စည်းများကို အထူးဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ဖြူးရောင်းချပေးလျက် ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ခုခံအားကျဆင်းမှုကူးစက်ရောဂါကို ဘက်စုံကဏ္ဍစုံပူးပေါင်းတိုက်ဖျက်လျက်ရှိ မီဒီယာများ ပိုမိုပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး တွေ့ဆုံဆွေးနွေး ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်အရှိန်မြှင့်ဆောင်ရွက်သွားမည်

ရန်ကုန် ဇန်နဝါရီ ၁၂

တီဘီရောဂါ၊ ငှက်ဖျားရောဂါနှင့် ခုခံအားကျဆင်းမှု ကူးစက်ရောဂါတို့သည် ပြည်သူလူထု၏ လူမှုစီးပွားရေးဘဝနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ထိခိုက်စေနိုင်သည့်အတွက် ကျန်းမာရေးဝန်ကြီးဌာနက အဓိကဦးစားပေးတိုက်ဖျက်ရမည့် ရောဂါများအဖြစ်သတ်မှတ်ပြီး အမျိုးသားရေးအသွင်ဖြင့် တိုက်ဖျက်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် ခုခံအားကျဆင်းမှုကူးစက်ရောဂါ ကာကွယ်တားဆီးရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ လိုအပ်သည့် လေ့လာမှုများကို ၁၉၈၅ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ပြီး ကာကွယ်တားဆီးရေးနှင့် တိုက်ဖျက်ရေးဗဟိုအဖွဲ့ကို အမျိုးသားကျန်းမာရေးကော်မတီ၏ ဦးဆောင်မှုဖြင့် ၁၉၈၉ ခုနှစ်တွင် စတင်ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။

ဖြစ်ပွားမှုလျော့ကျ

ကျန်းမာရေးဝန်ကြီးဌာနနှင့် UNAIDS၊ WHO တို့မှ ကျွမ်းကျင်သူများပူးပေါင်းပြီး ၂၀၀၄ ခုနှစ် စက်တင်ဘာတွင် ပြုလုပ်သည့် အလုပ်ရုံ ဆွေးနွေးပွဲ၏ ခန့်မှန်းတွက်ချက်မှုအရ မြန်မာနိုင်ငံ၌ HIV ရောဂါပိုး ကူးစက် ခံထားရနိုင်သူနှင့် AIDS ဝေဒနာ ခံစားနေရသူ စုစုပေါင်း ၃၃၈၉၁၁ ဦးရှိကြောင်း သိရသည်။ ၂၀၀၅ ခုနှစ်စက်တင်ဘာတွင် ဆက်လက် ပူးပေါင်းကျင်းပသော HIV ပိုးကူးစက်ပြန့်ပွားမှုနှင့် အကျိုးဆက်များ ခန့်မှန်းတွက်ဆခြင်း အလုပ်ရုံဆွေးနွေးပွဲရလဒ်အရ မြန်မာနိုင်ငံတွင် ၂၀၀၀ ပြည့်နှစ်၌ HIV ဖြစ်ပွားမှုနှုန်း ၁ ဒသမ ၅ ရာခိုင်နှုန်း ရှိခဲ့ရာမှ ၂၀၀၅ ခုနှစ်တွင် ၁ ဒသမ ၃ ရာခိုင်နှုန်းသို့လျော့ကျခဲ့ကြောင်း တွေ့ရှိရသည်။

ပူးပေါင်းဆောင်ရွက်လျက်ရှိ

ရောဂါကာကွယ်တားဆီးရေးနှင့် တိုက်ဖျက်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ခဲ့ပြီး ပြင်ပမှ ကျွမ်းကျင်သူပညာရှင်များဖြင့် လေ့လာဆန်းစစ်သည့် လုပ်ငန်းကိုလည်း ၂၀၀၆ ခုနှစ်တွင် ပြုလုပ်ခဲ့သည်။

အဆိုပါ လေ့လာဆန်းစစ်မှုများအရ ၂၀၀၆ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ် ကာလအတွင်း ခုခံအားကျဆင်းမှု ကူးစက်ရောဂါကို ကဏ္ဍစုံဘက်စုံမှ ပူးပေါင်းတိုက်ဖျက်ရေးအတွက် National Strategic Plan ကို ဆက်လက်ရေးဆွဲပြီး ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ပြည်တွင်း၊ နိုင်ငံတကာလူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ကျန်းမာရေးဦးစီးဌာန၊ National Aids Program (NAP)၊ UNAIDS နှင့်UNICတို့ပူးတွဲ၍ ရောဂါကာကွယ် တိုက်ဖျက်ရေးတွင် မီဒီယာများ၏ပူးပေါင်းပါဝင်မှု ပိုမိုရရှိရေး တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီမှ မွန်းလွဲ ၁ နာရီအထိ ရန်ကုန်မြို့ ဆန်းမစ်ပါ့ခ်ဗျူး ဟိုတယ်၌ကျင်းပရာ ကျန်းမာရေးဦးစီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့မှ တာဝန်ရှိသူများ UNICEF၊ UNAIDS၊ NAP နှင့် UNIC တို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းမှ အသင်းဝင်သတင်းထောက်များ၊ ပြည်တွင်းသတင်းဂျာနယ်များမှ စာတည်းမှူးချုပ်များ၊ စာရေးဆရာချစ်စံဝင်း၊ စာရေးဆရာမ မစန္ဒာနှင့် သန်းမြင့်အောင်တို့ တက်ရောက်ကြပြီး အကြံပြုဆွေးနွေးကြသည်။

အကြံပြု

ဆွေးနွေးပွဲတွင် ခုခံအားကျဆင်းမှု ကူးစက်ရောဂါနှင့် ကာလသားရောဂါတိုက်ဖျက်ရေးလုပ်ငန်း ဆောင်ရွက်မှုများ ပိုမိုထိရောက်အောင်မြင်ရေးအတွက် သတင်းအချက်အလက်များပြန်ကြားထုတ်ပြန်ရေးသက်ဆိုင်ရာအစိုးရဌာနများ၊ ဒေသအာဏာပိုင်များနှင့် မီဒီယာများဆက်သွယ်ဆက်ဆံရေး၊ ရောဂါတိုက်ဖျက်ရေးဆိုင်ရာ မီဒီယာသင်တန်းများဖွင့်လှစ်ပို့ချရေး၊ လုပ်ငန်းအကောင်အထည်ဖော် အောင်မြင်မှုများကို သက်ဆိုင်ရာနယ်မြေဒေသများသို့ ကွင်းဆင်းလေ့လာမှတ်တမ်းတင်ရေး ရောဂါကာကွယ်ရေးနှင့် ပညာပေးလုပ်ငန်းဆိုင်ရာ သတင်းဆောင်းပါး၊ ဝတ္ထုများ ရေးသားဖော်ပြရေး၊ ရုပ်မြင်သံကြားနှင့် ရေဒီယိုအသံလွှင့် အစီအစဉ်များရိုက်ကူးထုတ်လွှင့်ရေး အကြံပြုဆွေးနွေးကြသည်။

ယင်းကဲ့သို့ မီဒီယာနှင့်တွေ့ဆုံဆွေးနွေးမှု၊ ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်၍ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

အီရတ်သို့တပ်ဖွဲ့ဝင်များ ထပ်မံစေလွှတ်မှုအန္တရာယ်များ အမေရိကန်ပြည်သူတို့ ဆန့်ကျင်သဘောထားပေး

ဝါရှင်တန် ဇန်နဝါရီ ၁၂

အီရတ်နိုင်ငံသို့ အမေရိကန်တပ်ဖွဲ့ဝင် ၂၀၀၀၀ကျော် ထပ်မံစေလွှတ်မည့် အမေရိကန်သမ္မတဘုရှ်၏ ဆုံးဖြတ်ချက်အပေါ် အမေရိကန်ပြည်သူတို့ စိုးရိမ်မကင်း ဖြစ်လျက်ရှိကြောင်း အေပီသတင်းဌာနက ထုတ်ပြန်သော သတင်းတစ်ရပ်၌ ဖော်ပြသည်။

၂၀၀၆ခုနှစ်ကုန်အထိ အမေရိကန်တပ်ဖွဲ့ဝင်များ အီရတ်၌ သေဆုံးခဲ့မှုအရေအတွက်မှာ ၃၀၀၀ထိရှိခဲ့ရာ အမေရိကန်ပြည်သူတို့ စိုးရိမ်စိတ်များ ဖြစ်ပေါ်ခဲ့ရပြီး သဘောထားအမျိုးမျိုးဖြစ်ပေါ်လျက်ရှိကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

သဘောထား

အမေရိကန် ပြည်သူအများစုကို သဘောထား ကောက်ယူခဲ့ရာတွင် ၇၂ရာခိုင်နှုန်းသော ပြည်သူများက အီရတ်သို့ အမေရိကန်တပ်ဖွဲ့ဝင်များ ထပ်မံစေလွှတ်မှုကို ဆန့်ကျင်သည့် သဘောထားများ ပေးခဲ့ကြသည်ဟု ဖော်ပြသည်။

အန္တရာယ်များ

အီရတ်သို့ အမေရိကန်တပ်ဖွဲ့ဝင်များ စေလွှတ်မှုသည် အီရတ်၌ တိုက်ခိုက်မှုကြုံတွေ့နေရသော အမေရိကန်တပ်ဖွဲ့ဝင်များအနေဖြင့် အန္တရာယ်များကြောင်း၊ အီရတ်မှ အမေရိကန်တပ်ဖွဲ့ဝင်များ ရုပ်သိမ်းသင့်ကြောင်းလည်း ပြည်သူ့သဘောထား ကောက်ယူချက်အရ သိရသည်ဟု အေပီသတင်းဌာနမှ ထုတ်ပြန်သော သတင်း၌ ဖော်ပြထားသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

ဂျပန်နိုင်ငံအလယ်ပိုင်း မီဟာမာမြို့ရှိ နျူကလီးယား ဓာတ်ပေါင်းဖိုကို ဇန်နဝါရီ ၁၀ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘင်္ဂလားဒေ့ရှ်၌ အအေးလှိုင်းကျရောက်

ဒါကာ ဇန်နဝါရီ ၁၂

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် အအေးလှိုင်းကျရောက်ခဲ့မှုကြောင့် လွန်ခဲ့သည့်ခြောက်ရက်အတွင်း လူပေါင်း ၁၁၈ဦး သေဆုံးခဲ့ရကြောင်း၊အများစုမှာ ကလေးငယ်များနှင့် သက်ကြီးရွယ်အိုများ ဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ် မီဒီယာများက ဖော်ပြသည်။

အအေးလှိုင်း ကျရောက်မှုကြောင့် သေဆုံးရမှုမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ အနောက်မြောက်ပိုင်း ဒေသအချို့တွင် ဖြစ်ပြီး ရောဂါအခံရှိသူများ အအေးဓာတ်ကြောင့် သေဆုံးကြရခြင်းများလည်းရှိကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ရာသီဥတုဆိုင်ရာ ကျွမ်းကျင်သူများက မြောက်ပိုင်းနှင့် အနောက်မြောက်ပိုင်းတို့တွင် နောက်ထပ် ၂၄နာရီခန့် အအေးလှိုင်းများ ဆက်လက်ကျရောက်ဖွယ်ရှိကြောင်းခန့်မှန်းလျက်ရှိသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အေသင်မြို့လယ်ရှိ အမေရိကန်သံရုံး၌ ပြင်းထန်သော ဗုံးတစ်လုံးပေါက်ကွဲ

အေသင် ဇန်နဝါရီ ၁၂

ဂရိနိုင်ငံ အေသင်မြို့လယ်ရှိ အမေရိကန်သံရုံး၌ ဇန်နဝါရီ ၁၂ရက် နံနက်ပိုင်းက ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း ဂရိရဲအဖွဲ့က ပြောကြားသည်။

ယင်းဗုံးပေါက်ကွဲမှုသည် အလွန်ပြင်းထန်ပြီး မီတာ ၅၀၀ အကွာအဝေးကပင် ကြားရကြောင်း မျက်မြင်သက်သေတစ်ဦးက ပြောကြားလိုက်သည်။

အဆိုပါ ဗုံးပေါက်ကွဲမှုကြောင့် အမေရိကန်သံရုံးတွင် မီတာဝက်ခန့် ကျင်းကြီးဖြစ်သွားခဲ့ကြောင်း၊ သို့ရာတွင် ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း ရဲအဖွဲ့က ပြောကြားသည်။

ဗုံးပေါက်ကွဲရခြင်း အကြောင်းကို စုံစမ်းနေဆဲဖြစ်ကြောင်း၊ ရဲကားများက ၎င်းသံရုံးကို ဝိုင်းရံထားပြီး အများပြည်သူများအား ဝင်ရောက်ခွင့်မပေးကြောင်း ရဲအဖွဲ့က ဆက်လက်ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ကိုရီးယားကျွန်းဆွယ်၌ နျူကလီးယားကင်းရှင်းရန် အမေရိကန်တို့သဘောထားပြောင်းရမည်ဟု ရုရှားဝန်ကြီး ပြောကြား

မော်စကို ဇန်နဝါရီ ၁၂

ကိုရီးယားကျွန်းဆွယ်တွင် နျူကလီးယားကင်းရှင်းရေး ဆောင်ရွက်ရာတွင် အမေရိကန်တို့အနေဖြင့် မိမိတို့၏ ထင်မြင်ယူဆချက်များကို စွပ်စွဲမပြောသင့်ကြောင်း၊ ညှိနှိုင်းဆွေးနွေးမှုများမှတစ်ဆင့် သဘောတူညီချက်ရရှိအောင် ဆောင်ရွက်သင့်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ရော့ဗ်က ရုပ်မြင်သံကြားတွေ့ဆုံခန်းတစ်ခု၌ ပြောကြားလိုက်သည်။

ကိုရီးယားကျွန်းဆွယ်တွင်နျူကလီးယား ကင်းရှင်းရေးအတွက် ခြောက်နိုင်ငံဆွေးနွေးပွဲများကိုကျင်းပခဲ့ရာတွင် အမေရိကန်တို့၏ အလျှော့မပေးသော ဆွေးနွေးမှုများနှင့် မြောက်ကိုရီးယားတို့ ရပ်တည်ချက်များကြောင့် ဆွေးနွေးပွဲများ ပျက်ပြားခဲ့ရသည်။

ပျက်ပြားခဲ့

အမေရိကန်တို့က မြောက်ကိုရီးယားတို့သည် ငွေကြေးခဝါချမှုများကို ပြုလုပ်သည်ဟုစွပ်စွဲခဲ့သဖြင့် နျူကလီးယား အစီအစဉ်နှင့်အကူအညီပေးရေးဆိုင်ရာ ညှိနှိုင်းမှုများ ရှေ့ဆက်မရဘဲ ပျက်ပြားခဲ့ရခြင်းဖြစ်သည်။

မိမိတို့အနေဖြင့် အနှစ်သာရရှိသော ဆွေးနွေးပွဲရလဒ်များကို မြင်တွေ့လိုကြောင်း၊ အကျိုးရှိသည့် သဘောတူညီချက်များရရှိရန် သဘောထားပြောင်းလဲကာ ဆွေးနွေးမှုများပြုလုပ်သင့်ကြောင်း ဆာဂျီလက်ရော့ဗ်က ပြောကြားသည်။

ပါဝင်

တရုတ်နိုင်ငံ ပေကျင်းမြို့တွင် ဒီဇင်ဘာ ၁၈ရက်က စတင်ကျင်းပခဲ့သော ခြောက်နိုင်ငံဆွေးနွေးပွဲမှာ အမေရိကန်တို့၏ အလျှော့မပေးသောရပ်တည်ချက်ကြောင့် ဆွေးနွေးပွဲပျက်ပြားခဲ့ရသည်။ အဆိုပါ ခြောက်နိုင်ငံ ဆွေးနွေးပွဲတွင် တရုတ်၊ ရုရှား၊ အမေရိကန်၊ တောင်ကိုရီးယား၊ ဂျပန်နှင့် မြောက်ကိုရီးယားနိုင်ငံတို့ ပါဝင်ကြသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ပါးစပ်အတွင်းမှ မီးမှုတ်ထုတ်ပြသူ



ပါးစပ်အတွင်းမှ မီးများမှုတ်ထုတ်ပြနေသူတစ်ဦးကို တွေ့ရစဉ်။(ယာပုံ)

အိန္ဒိယနိုင်ငံ အနောက်ပိုင်း အမီဒါဘတ်မြို့တွင် အိန္ဒိယအမျိုးသားတစ်ဦးဖြစ်သည့် မာဟာဒေ့ဗ်က ပါးစပ်အတွင်းမှ မီးများကို အဆက်မပြတ် မှုတ်ထုတ်ပြခဲ့ပြီး လက်နှစ်ဖက်၌ မီးတုတ်များကိုင်ကာ စွမ်းရည်ပြသခဲ့ကြောင်း သိရသည်။

(အင်တာနက်)

လေမှုတ်တူရိယာများ တစ်ပြိုင်နက်တီးမှုတ်သူ

လေမှုတ် တူရိယာများကို တစ်ပြိုင်နက်တီးမှုတ်နေသူ တစ်ဦးကို တွေ့ရစဉ်။ (ဝဲပုံ)

တရုတ်နိုင်ငံအနောက်မြောက်ပိုင်း ရှန်စီပြည်နယ် စီအန်မြို့ပြတိုက်တစ်ခု၌ တရုတ်ရိုးရာကျေးလက် တေးဂီတတစ်ပုဒ်ကို ရိုးရာလေမှုတ် တူရိယာပေါင်း ၁၂ခုဖြင့် တရုတ်အနုပညာရှင်တစ်ဦးက တစ်ပြိုင်နက်တည်း တီးမှုတ်ဖျော်ဖြေခဲ့ကြောင်း သိရသည်။

(အင်တာနက်)

ဂွမ်တာနာမိုအကျဉ်းစခန်း ပိတ်သိမ်းရန် စစ်ဆန့်ကျင်သူများ ချီတက်ဆန္ဒပြ

ဟာဗားနား ဇန်နဝါရီ ၁၂

ကျူးဘားနိုင်ငံ ဂွမ်တာနာမို အကျဉ်းစခန်းကိုပိတ်သိမ်းရန် ချီတက်ဆန္ဒပြမှုတစ်ရပ် ဇန်နဝါရီ ၁၁ ရက်က အမေရိကန် ဂွမ်တာနာမိုဘေး စစ်အခြေစိုက်စခန်းအပြင်ဘက်၌ ပြုလုပ်ခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

စစ်ဆန့်ကျင်ရေးဆန္ဒပြသူများသည် ဂွမ်တာနာမိုမြို့မှ အကျဉ်းစခန်းအဖြစ် အသုံးပြုခဲ့သည့် ငါးနှစ်ပြည့်သော နှစ်ပတ်လည်နေ့တွင် အဆိုပါအခြေစိုက်စခန်းသို့ ချီတက်ဆန္ဒပြခဲ့ကြသည်။

အဆိုပါအကျဉ်းစခန်းသည် ဝါရှင်တန်အား အကြမ်းဖက်တိုက်ခိုက်မည့် သံသယရှိသူများကို ဖမ်းဆီးထောင်ချနေသည့် အကျဉ်းစခန်းဖြစ်သည်။

ယင်းစစ်ဆန့်ကျင်ရေး ချီတက်ဆန္ဒပြမှုကို စစ်ဆန့်ကျင်ရေးဝါဒီအဖြစ် လူသိများသည့် ကင်ဒီရှီးဟုန်းက ဦးဆောင်ခဲ့သည်။ ၎င်း၏သားဖြစ်သူသည် အီရတ်၌တာဝန်ထမ်းဆောင်စဉ် သေဆုံးခဲ့ရသည်။ ယင်းစစ်ဆန့်ကျင်ရေး ဆန္ဒပြရာတွင် ၉/၁၁ ကမ္ဘာ့ကုန်သွယ်ရေးအဆောက်အအုံတိုက်ခိုက်မှုတွင် သား သေဆုံးခဲ့သော အဒယ်ဝဲလ်ဘီလည်း ပါဝင်သည်။

အဆိုပါ စစ်ဆန့်ကျင်ဆန္ဒပြသူများက အမေရိကန်တို့အား ၎င်းအကျဉ်းစခန်းကိုပိတ်သိမ်းပေးရန် တောင်းဆိုခဲ့ကြသည်။

ဝါရှင်တန်အနေဖြင့် ကမ္ဘာတစ်ဝန်းမှ အဆိုပါဂွမ်တာနာမိုအကျဉ်းစခန်းအား ပိတ်သိမ်းပေးရန် တောင်းဆိုမှုနှင့် ရင်ဆိုင်နေရသည်။

ယင်းဂွမ်တာနာမို အကျဉ်းစခန်းမှ အကျဉ်းသားများကို ၂၀၀၂ ခုနှစ် ဇန်နဝါရီ၁၁ရက်က ပထမဆုံးအကြိမ်အဖြစ် အကျဉ်းသား ၁၄ ဦးကို လွှတ်ပေးခဲ့သည်။ လွန်ခဲ့သောငါးနှစ်အတွင်း ၎င်းအကျဉ်းစခန်း၌ လူပေါင်း ၇၇၀ ကျော် ဖမ်းခဲ့သည်။ ယခုအခါ ယင်းအကျဉ်းစခန်း၌ လူပေါင်း ၃၉၅ ဦး ဖမ်းဆီးထားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဖြူးဆွမ်းလောင်းအသင်း စိန်ရတုဆင်နွှဲပြီ

ရန်ကုန် ဇန်နဝါရီ ၁၂

ဖြူးမြို့ သံဃာ့ဒါနဆွမ်းလောင်းအသင်းကကြီးမှူး၍ ၁၉၃၂ ခုနှစ် (မြန်မာသက္ကရာဇ် ၁၂၉၃ ခုနှစ်)မှ ယနေ့ကာလတိုင်အောင် နှစ်ပေါင်း ၇၅ နှစ်တိတိ ဘုရားအမှူးရှိသော ဖြူးမြို့ပေါ်ရှိ ရဟန်းသံဃာတော်အပါး ၁၀၀၀ ခန့်အား ဝါတွင်း၊ ဝါပတစ်နှစ်တာကာလပတ်လုံး နေ့စဉ်မပြတ် အရုဏ်ဆွမ်းနှင့် ဆွမ်းဟင်းများ လောင်းလှူလျက်ရှိရာ ဆွမ်းလောင်းအသင်း၏ စိန်ရတုကာလသို့ ရောက်ရှိခဲ့ပြီဖြစ်သည်။

ဆက်သွယ်လှူဒါန်း

မဟာသံဃိကဒါနအဖြစ် ဖြူးမြို့ပေါ်ရှိ ရဟန်းသံဃာတော်များအား အရုဏ်ဆွမ်းနှင့် ဆွမ်းဟင်းများလောင်းလှူလိုသော ရပ်ဝေး ရပ်နီးအလှူရှင်များသည် အရုဏ်ဆွမ်းနှင့် ဆွမ်းဟင်းများ တစ်နပ်စာအလှူငွေကျပ် နှစ်သိန်းနှုန်းဖြင့် ဦးဟန်စိန် (ဥက္ကဋ္ဌ) ဖုန်း- ၀၅၄-၄၀၁၃၈၊ ဦးတင်လှ (ဒုတိယဥက္ကဋ္ဌ) ဖုန်း-၀၅၄-၄၀၂၇၄၊ ဦးညွန့်လှိုင် (ဒုတိယဥက္ကဋ္ဌ) ဖုန်း-၀၅၄-၄၀၂၄၀၊ ဦးသက်စိန်(အတွင်းရေးမှူး) ဖုန်း-၀၅၄-၄၀၀၄၈၊ ၀၁-၂၉၂၁၁၅ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြပြီး အလှူရှင်ကိုယ်တိုင် အရုဏ်ဆွမ်းနှင့် ဆွမ်းဟင်းများ ဆက်ကပ်လှူဒါန်းနိုင်ရန်လည်း စီစဉ်ထားသည်။ ဆွမ်းပဒေသာပင် တစ်ပင်လျှင် ကျပ်တစ်သောင်းနှုန်းဖြင့် စိုက်ထူ လှူဒါန်းနိုင်ကြကြောင်း သိရသည်။ **(က-ပ)**

အထက(၁)ဗဟန်း အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၁၂

အထက(၁) ဗဟန်း ကျောင်းသားကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကိုဖေဖော်ဝါရီ၁ရက်(တနင်္ဂနွေနေ့)တွင် အထက(၁)ဗဟန်း မိုးဦးပန်းခန်းမ၌ကျင်းပမည်ဖြစ်ရာ ကျောင်းသားကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ကြရန် ဖိတ်ကြားထားသည်။ အလှူငွေများကို ကျော်ဇေယျ ဖုန်း-၀၉၈၀ ၃၀၅၄၃၊ တေဇာလင်း ဖုန်း-၅၅၄၉၇၀၊ ခင်မို့မို့သန်း ဖုန်း-၅၅၅၄၇၇ နှင့် ထားထားရီ ဖုန်း-၅၅၂၇၇၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် နိုင်ငံခြားသံတမန်များ ချစ်ကြည်ရေးဂေါက်သီးရိုက်ပြိုင်ပွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့ နာယက ကမ္ဘောဒီးယားနိုင်ငံသံအမတ်ကြီး H.E Mr. Hul Phany နှင့် သံအမတ်ကြီးများအား တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၇ ခုနှစ် ဇန်နဝါရီလအတွက်

(၁၄-၁-၂၀၀၇) ရက်နေ့ နှင့်

(၂၈-၁-၂၀၀၇) ရက်နေ့

စီးပွားရေးလုပ်ငန်းမဟာဗျူဟာ ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၂

မြန်မာနိုင်ငံ ငါးလုပ်ငန်း အဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်းတို့ပူးပေါင်းစီစဉ်မှု၊ ဟန်စိန်သန့်ထရေးဒင်း၏ ပံ့ပိုးကူညီမှုဖြင့် ဇန်နဝါရီ ၂၀ ရက် (စနေနေ့) မွန်းလွဲ ၂ နာရီခွဲတွင် အင်းစိန်မြို့နယ် အနောက်ကြို့ကုန်းဘုရင့်နောင်လမ်းမကြီးနှင့်စက်မှုဆေးဝါးလမ်းထောင့်ရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ရန်ကုန်စီးပွားရေးတက္ကသိုလ် စီမံခန့်ခွဲမှု ပညာဌာနမှ ပါမောက္ခ ဒေါ်လှမြင့်(ငြိမ်း) က စီးပွားရေးလုပ်ငန်း မဟာဗျူဟာခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်သဖြင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၂

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် နိုင်ငံခြားရေးဝန်ကြီးဌာနက ဦးဆောင်ကျင်းပသော နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် နိုင်ငံခြားသံတမန်များ ချစ်ကြည်ရေးဂေါက်သီးရိုက်ပြိုင်ပွဲကို ဇန်နဝါရီ၄ ရက်က နေပြည်တော်ရှိ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန Hydel Panuglaung Golf Club ဂေါက်ကွင်း၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့ နာယက ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး H.E Mr. Hul Phany၊ နိုင်ငံခြားသံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဂေါက်သီးအားကစားသမားများ ပါဝင်ယှဉ်ပြိုင်ကစားကြသည်။

ပြိုင်ပွဲအပြီးတွင် ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိသူများအား ဝန်ကြီး ဦးဉာဏ်ဝင်းက ဆုချီးမြှင့်ပြီး အခြားဆုရရှိသူများကို သံတမန်အဖွဲ့ နာယက ကမ္ဘောဒီးယားနိုင်ငံသံအမတ်ကြီး H.E Mr. Hul Phany က ဆုများ ချီးမြှင့်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်လုံးဆိုင်ရာ ဂိုဏ်းပေါင်းစုံ ဝိနယာဓိကစာပြန်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၂

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်လုံးဆိုင်ရာ အဌမအကြိမ်မြောက် သံဃာ့ဂိုဏ်းပေါင်းစုံ ဝိနယာဓိက စာပြန်၊ စာဖြေဆိုပွဲကို မြို့နယ်သံဃနာယကအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် ဇန်နဝါရီ ၂၆ ရက်မှ ၂၈ ရက်အထိ ကျင်းပမည်ဖြစ်သည်။ အဆိုပါ စာပြန်၊စာဖြေဆိုပွဲကို နိုင်ငံတော် သမ္မုတိဓမ္မကထိက (သစ္စာရွှေဂူ)ဗဟုဇနဟိတရေ ပြည်တွင်းပြည်ပ နယ်လှည့်သာသနာပြု မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ဘဒ္ဒန္တ တေဇနိယဉာဏ ဦးစီး၍ ဒဂုံမြို့သစ် (မြောက်ပိုင်း) ၄၆ ရပ်ကွက် အောင်ဓမ္မရိပ်သာကျောင်းတိုက်၌ကျင်းပမည်ဖြစ်သည်။

စာပြန်၊စာဖြေဆိုပွဲ အောင်မြင်စွာကျင်းပနိုင်ရန် ဆွမ်းအစရှိသည့် လှူဖွယ်ပစ္စည်းများနှင့် စာဖြေသံဃာတော်များအတွက် စာဖြေခုံများကို စာပြန်ဆိုပွဲဖြစ်မြောက်ရေး ကော်မတီ ဖုန်း-၅၈၀၈၈၁ သို့ လှူဒါန်းလိုသော စေတနာရှင်များ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ပန်ကရိယကင်ဆာ၏ အဓိကလက်သည် သိပ္ပံပညာရှင်များ ဖော်ထုတ်နိုင်ပြီ

မည်သည့်အတွက် ပန်ကရိယကင်ဆာရောဂါသည် ထိုမျှကြောက်စရာကောင်းလောက်အောင် အန္တရာယ်ကြီးသော ရောဂါတစ်မျိုးဖြစ်ရသည့် ဖြစ်နိုင်ခြေအကြောင်းရင်းကို သိပ္ပံပညာရှင်များက အတိအကျဖော်ထုတ်လိုက်သည်။

ကလာပ်စည်းလှုပ်ရှားမှု ထိန်းချုပ်ရေးတွင် အရေးပါသည့် ကက်(ပ်)ချီနှင့် ဂဲဆိုလင်ခေါ်သည့် ပရိုတိန်းတို့ကို လီဗာပူးလ်တက္ကသိုလ် သိပ္ပံပညာရှင်များက တွေ့ရှိသည်။



ဗြိတိန်နိုင်ငံ၌ နှစ်စဉ် ပန်ကရိယကင်ဆာရောဂါဖြစ်သူ ၇၀၀၀ ခန့် ရှိသည်။ ပန်ကရိယသည် လူ့ခန္ဓာကိုယ် အတွင်းပိုင်း၌ တည်ရှိသဖြင့် ရောဂါရှာဖွေရန် ခက်ခဲသည်။

လက်တွေ့စမ်းသပ်ခန်းတွင် ပန်ကရိယ ကင်ဆာကလာပ်စည်းများ အတွင်းမှ ကက်(ပ်)ချီနှင့် ဂဲဆိုလင်ပရိုတိန်းများ လျှော့ချခြင်းဖြင့် ကလာပ်စည်းများ၏ပျံ့အား ကျယ်ပြန့်စွမ်းရည်ကို ထိန်းနိုင်ကြောင်း တွေ့ရသည်။

(အင်တာနက်)

အင်တာနက် သတင်းနှင့်ဓာတ်ပုံ

BEL AIR (PARIS) အမှတ်တံဆိပ် အမွှေးနံ့သာဆီနှင့် ပစ္စည်းများမိတ်ဆက်

ရန်ကုန် ဇန်နဝါရီ ၁၂

Falcon Global Co.,Ltd. က တင်သွင်းသော ပြင်သစ်နိုင်ငံမှထုတ်လုပ်သည့် BEL AIR (PARIS) အမှတ်တံဆိပ် လေထုသန့်ရှင်းမှု အထောက်အကူပြု ဇီဝနည်းပညာ အမွှေးနံ့သာဆီနှင့်ပစ္စည်းများ မိတ်ဆက်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိဆီဒိုးနားဟိုတယ် Grand Ball Room ၌ ကျင်းပရာ Falcon Global Co.,Ltd. မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ Falcon Global Co., Ltd. မှ Managing Director ဒေါ်ဇာနည်ယုလဲ့အောင်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး **(အပေါ်ပုံ)** ပြင်သစ်နိုင်ငံမှ ထုတ်လုပ်သည့် BEL AIR (PARIS) အမှတ်တံဆိပ် အမွှေးနံ့သာဆီများ၏ အရည်အသွေး၊ အကျိုးအာနိသင်နှင့် လေထုသန့်ရှင်းမှုတို့ကို ထိရောက်စွာ အထောက်အကူပြုမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

သရုပ်ပြသ

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဧည့်သည်တော်များအား ဇီဝနည်းပညာ အမွှေးနံ့သာဆီသုံး ဖန်မီးအိမ် အသုံးပြုပုံ၊ လေထုသန့်ရှင်းစေမှုနှင့် မီးဘေးအန္တရာယ် လုံခြုံစိတ်ချရမှုတို့ကို လက်တွေ့သရုပ်ပြသမှုအား ကြည့်ရှုအားပေးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တင်သွင်းဖြန့်ချိ

အဆိုပါ BEL AIR(PARIS) အမှတ်တံဆိပ် ဇီဝနည်းပညာ အမွှေးနံ့သာဆီများကို ပြင်သစ်နိုင်ငံမှ တင်သွင်းပြီး Eucalyptus, Phyrethre, Greentea နှင့် Ginseng အပါအဝင် သဘာဝသစ်ပင်၊ သစ်ခေါက်၊ အရွက် အပွင့်များမှ ဓာတုပစ္စည်းမပါရှိဘဲ အဆင့်မြင့် နည်းပညာဖြင့် ထုတ်လုပ်သည့် အမွှေးနံ့သာဆီ ၂၂ မျိုးကို တင်သွင်းဖြန့်ချိလျက်ရှိကြောင်း၊ အဆိုပါ အမွှေးနံ့သာဆီများအား BEL AIR ဖန်မီးအိမ်ဖြင့် တွဲဖက်အသုံးပြုပါက လေထုသန့်ရှင်းမှုကို အထောက်အကူပြုခြင်း၊ ထွက်ရှိလာသော အမွှေးရနံ့ကြောင့် ခန္ဓာကိုယ်တွင်း ခုခံစွမ်းအားကို တိုးတက်စေပြီး စိတ်ကြည်လင်လန်းဆန်းစေခြင်း စသည့် အကျိုးထူးများကို ရရှိစေကြောင်းနှင့် ရန်ကုန်မြို့ ဒဂုံမြို့နယ် အလုံလမ်းရှိ Summit Park View Hotel ဒုတိယထပ် အခန်းအမှတ်(၂၃၉၊၂၄၀၊၂၄၁၊၂၄၂၊ ၂၄၃) ရှိ Falcon Global Co., Ltd. ဖုန်း- ၂၁၁၈၈၈ လိုင်းခွဲ (၂၃၉၊၂၄၀၊၂၄၁၊၂၄၂၊ ၂၄၃)မှ မြန်မာတစ်ပြည်လုံးသို့ ဖြန့်ချိသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

The Commerce Journal အတွဲ(၇)၊ အမှတ်(၁) ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၁၂

The Commerce Journal အတွဲ (၇)၊ အမှတ်(၁)ကို ဖြန့်ချိလိုက်ပြီဖြစ်သည်။ အဆိုပါဂျာနယ်တွင် နန်နင်းတွင် မြန်မာ့စီးပွားရေးကိုယ်စားလှယ်ရုံး တည်ဆောက်မည်။ တန်းဆီကို ဘိုင်အိုဒီဇယ်ထုတ်လုပ်ရန်စီစဉ်၊ ၂၀၀၆ ခုနှစ် အာဆီယံစီးပွားရေးလှုပ်ရှားမှုများ၊ ၂၀၀၆ ခုနှစ် WTO အဖွဲ့ လှုပ်ရှားမှုများ၊ မြဝတီရိပ်မြင်သံကြားမှ ကုန်သွယ်သုတအစီအစဉ် ထုတ်လွှင့်မည်။ မန္တလေးလျှပ်စစ်ပစ္စည်းဈေးကွက်၊ သရက်ပြားခြောက် ထုတ်လုပ်တင်ပို့ရောင်းချမှု၊ ဖရုံသီးအကြောင်း တစေ့တစောင်း၊ တောင်ကြီးပန်းနှမ်းဈေးကွက်သတင်း၊ ၁၆ နိုင်ငံ ဖိလစ်ပိုင်နိုင်ငံ ထိပ်သီးအစည်းအဝေး ဇန်နဝါရီလအတွင်း ကျင်းပရန်ရှိ၊ ကမ္ဘာ့ကြေးနီဈေးနှုန်းကျဆင်း စသော သတင်းများ ပါဝင်သည်။ အထူးဆောင်းပါးများအဖြစ် မောင်စူးစမ်း၏ ပညာသံခိပ်နှင့်မျိုးဗီဇ၊ ဦးဟန်ထွန်း၏ တရုတ်စီးပွားရေးဂိတ်ဆုံး၊ ကြည့်ရှုန်း၏ ချမ်းသာနည်း ၁၀၀၊ ဒေါက်တာခင်မောင်ညို၏ အပြည့်အဝလူသား ပါရာဒိုင်း၊ ကြည်မင်း၏ မထွန်းကားသူ တို့ ကျင့်စဉ်(၇)ပါး၊ ကျွန်းသားငမန်း၏ ရခိုင်ပြည်နယ်ကားလမ်းများ၊ သိန်းမြသိန်း၏ ၂၀၀၇ ခုနှစ် အရှေ့အာရှစီးပွားရေးတိုးတက်မှု ခန့်မှန်းချက်တို့ပါဝင်ပြီး ပို့ကုန်၊ သွင်းကုန်ခွင့်ပြုခဲ့သော ကုန်ပစ္စည်းများ၏ ဈေးနှုန်းများ၊ ပြည်တွင်းပြည်ပ ကုန်စည်ဈေးနှုန်းများ၊ အခြေခံဈေးနှုန်း ညှိနှိုင်းသတ်မှတ်ရေးအဖွဲ့မှ အတည်ပြုသတ်မှတ်သော သွင်းကုန်များ၏ ဈေးနှုန်းများဖြင့် စာမျက်နှာတိုးချဲ့ထုတ်ဝေကာ တစ်ပြည်လုံးသို့ ဖြန့်ချိထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒုတိယအကြိမ် မြို့တော်ဝန်ဖလား ဖူဆယ်ဘောလုံးပြိုင်ပွဲ UPT နှင့် Galaxy တို့ ဗိုလ်လုပွဲ ယနေ့ယှဉ်ပြိုင်မည်

ရန်ကုန် ဇန်နဝါရီ ၁၂

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ဒုတိယအကြိမ် ရန်ကုန်မြို့တော်ဝန်ဖလား ဖူဆယ်ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲစဉ်များ ဇန်နဝါရီ ၉ ရက်က ပြီးဆုံးသွားပြီဖြစ်ရာ နောက်ဆုံးဗိုလ်လုပွဲစဉ်ကို ဇန်နဝါရီ ၁၃ရက် **(ယနေ့)** မွန်းလွဲ ၁ နာရီခွဲ၌ အမျိုးသားအားကစား ပြိုင်ပွဲရုံ(၁) သုဝဏ္ဏတွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

နောက်ဆုံး ဗိုလ်လုပွဲစဉ်အဖြစ် UPT ဖူဆယ်ဘောလုံးအသင်းနှင့် Galaxy ဖူဆယ်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ မည်သည့်အသင်းအနိုင်ရရှိသည်ဖြစ်စေ ချန်ပီယံအသစ် ပေါ်ထွက်လာမည်ဖြစ်သည်။

ဗိုလ်စွဲနိုင်သည်ဟု ရေပန်းစားလျက်ရှိသော UPT ဖူဆယ်ဘောလုံးအသင်းမှ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများအား ဤသို့ တွေ့ရသည်။

အကြိုဗိုလ်လုပွဲ

ဒုတိယအကြိမ် ရန်ကုန်မြို့တော်ဝန်ဖလား ဖူဆယ်ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲစဉ်များကို ဇန်နဝါရီ ၉ ရက် နံနက်ပိုင်းက အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ယှဉ်ပြိုင်ကစားခဲ့ကြသည်။ ပထမအကြိုဗိုလ်လုပွဲစဉ်တွင် Galaxy အသင်းက Royal Seaman အသင်းကို ခြောက်ဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ Galaxy အသင်းအတွက် အနိုင်ဂိုးများကို ရဲမြင့်နိုင်နှင့် လာကျဲအိုလွယ်တို့က နှစ်ဂိုးစီ၊ ကျော်ဇင်ညွန့်နှင့် ထွန်းလင်းအောင်တို့က တစ်ဂိုးစီသွင်းယူပေးသည်။ Royal Seaman အသင်းအတွက် ချေပဂိုးနှစ်ဂိုးကို ကျော်ဒွန်းနှင့် ဇော်နိုင်တို့ကတစ်ဂိုးစီသွင်းယူပေးသည်။

ဒုတိယအကြိုဗိုလ်လုပွဲစဉ်အဖြစ် UPT အသင်းနှင့် စမ်းချောင်းလူငယ်အသင်းတို့ ယှဉ်ပြိုင်ကစားရာ UPT အသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ UPT အသင်းအတွက် အနိုင်ဂိုးများကို တင်မင်းထွန်းက နှစ်ဂိုး-ဇော်ရဲမောင်ကတစ်ဂိုးသွင်းယူပေးသည်။ စမ်းချောင်းလူငယ် အသင်းအတွက် ချေပဂိုးများကို ကျော်စိုးနှင့် ထွန်းထွန်းဝင်းတို့က သွင်းယူပေးသည်။

UPT အသင်း

UPT ဖူဆယ်ဘောလုံးအသင်းတွင် အသင်းနာယကအဖြစ် ဦးဖေသိန်း (ဦးဖေသိန်း-လျှပ်စစ်)၊ အုပ်ချုပ်သူအဖြစ် ဦးအောင်မော်သိန်း(ဦးဖေသိန်း-လျှပ်စစ်)၊ နည်းပြချုပ်အဖြစ် ဦးဝင်းစိန် (မြန်မာ့လက်ရွေးစင်ဟောင်း)၊ လက်ထောက်နည်းပြအဖြစ် ဦးခင်မောင်မြင့် (ပို့ဆောင်ရေး)၊ အားကစားသမားများအဖြစ် ဖြိုးမင်းမောင် (ဂိုး)၊ မြကိုမင်း(ဂိုး)၊ မျိုးဝင်းညွန့်၊ ခင်မောင်ထွန်း၊ ဝင်းမင်းထွင့်၊ တင်မင်းထွန်း၊ အောင်မျိုးသန့်၊ ထွန်းနောင်ဦး၊ အေးမင်းဝင်း၊ ထက်အောင်၊ ဇော်ရဲမောင်၊ အောင်ကျော်ဖုံတို့ ပါဝင်ကြသည်။

UPTအသင်းသည် ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်၌ ၁၆/၁ FC အသင်းကို ရှစ်ဂိုး-လေးဂိုး၊ ကွာတားဖိုင်နယ်ပွဲစဉ်၌ Saraအသင်းကို သုံးဂိုး-တစ်ဂိုး၊ အကြိုဗိုလ်လုပွဲစဉ်၌ စမ်းချောင်းလူငယ်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်လှမ်းလာခြင်းဖြစ်သည်။

UPT အသင်းသည် အဆင့်မြင့်တန်းမှ ပို့ဆောင်ရေးအသင်းကို အခြေခံ၍ ဖွဲ့စည်းထားခြင်းဖြစ်သည်။ UPT အသင်းမှ တင်မင်းထွန်းသည် အာဆီယံ ဖူဆယ်ဘောလုံးပြိုင်ပွဲဝင် မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်း၌ ပါဝင်ခဲ့သူဖြစ်သည်။ UPT အသင်းမှ အထူးအားထားရသော ခင်မောင်ထွန်းနှင့် အောင်မျိုးသန့်တို့သည် အာဆီယံ ချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲဝင် မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းမှ ဖြစ်ကြ၍ ဗိုလ်လုပွဲ၌ ပါဝင်ကစားနိုင်မည် မဟုတ်ချေ။

သတင်းဆောင်းပါး - ကိုထွေး

Galaxy အသင်း

Galaxyဖူဆယ်ဘောလုံးအသင်းတွင် အသင်းနာယကများအဖြစ် ဆင်မင်း ရေလုပ်ငန်းကုမ္ပဏီလီမိတက်နှင့် ဆင်မင်း ဖောတံတားလုပ်ငန်းမှ ဦးကျော်နိုင်နှင့် ဦးတင်မိုးအောင်၊ အုပ်ချုပ်သူအဖြစ် ဦးခင်မောင်လွင်၊ နည်းပြချုပ်အဖြစ် ဦးဇော်ဇော်၊ လက်ထောက်နည်းပြအဖြစ် ဦးတင်ထွန်းဝင်း၊ အားကစားသမားများအဖြစ် သန်းဇော်ဝင်း(ဂိုး)၊ ကျော်ဇင်ထက်(ဂိုး)၊ လာကျဲအိုလွယ်၊ ကျော်ဇင်ညွန့်၊ ရဲမြင့်နိုင်၊ ထိန်လင်း၊ သန့်ဇော်လှ၊ နိုင်နိုင်လင်း၊ ထွန်းလင်းအောင်၊ အောင်ဇော်ဦး၊ ရွှန်းပြည့်ဟိန်း၊ ကိုကိုနိုင်တို့ပါဝင်ကြသည်။

Galaxy အသင်းသည် ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်၌ YET အသင်းကို ခုနစ်ဂိုး-ငါးဂိုး၊ ကွာတားဖိုင်နယ်ပွဲစဉ်၌ Sixteen Twoအသင်းကို ၁၆ ဂိုး-တစ်ဂိုး၊ အကြိုဗိုလ်လုပွဲစဉ်၌ Royal Seaman အသင်းကို ခြောက်ဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်လှမ်းလာခြင်း ဖြစ်သည်။

Galaxyအသင်းသည် အဆင့်မြင့်တန်းမှ ဆောက်လုပ်ရေးအသင်းကို အခြေခံဖွဲ့စည်းထားခြင်း ဖြစ်သည်။ Galaxyအသင်းမှ ကျော်ဇင်ညွန့်သည် အာဆီယံ ဖူဆယ်ဘောလုံးပြိုင်ပွဲဝင် မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်း၌ ပါဝင်ခဲ့သူဖြစ်သည်။ Galaxyအသင်းမှ ဂိုးသမား ကျော်ဇင်ထက်သည် အာဆီယံ ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲဝင် မြန်မာ့လက်ရွေးစင် ဘောလုံးအသင်း၌ ပါဝင်နေ၍ ဗိုလ်လုပွဲ၌ ပါဝင်ကစားနိုင်မည် မဟုတ်ချေ။

ပွဲကြိုမေးမြန်း

ဒုတိယအကြိမ် ရန်ကုန်မြို့တော်ဝန်ဖလား ဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားမည့် UPT အသင်းနှင့် Galaxy အသင်းတို့မှ အုပ်ချုပ်သူနှင့် နည်းပြများအား မြန်မာ့အလင်းက ပွဲကြိုတွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။

ရှေးဦးစွာ UPT အသင်းအုပ်ချုပ်သူ ဦးအောင်မော်သိန်းအား ပွဲကြိုမေးမြန်းရာ "ပြိုင်ဘက် Galaxy အသင်းသည် အသင်းကောင်းဖြစ်သလို မိမိတို့အသင်းသည်လည်း ပြိုင်ဘက်ကောင်းများကို ကျော်ဖြတ်၍ ဗိုလ်လုပွဲသို့ တက်လှမ်းလာခြင်း ဖြစ်ကြောင်း၊ နှစ်သင်းစလုံး၌ ဖူဆယ်လက်ရွေးစင်များ ပါဝင်နေ၍ ခြေကွာမည်မထင်ကြောင်း၊ နှစ်သင်းစလုံး ကြံ့ခိုင်မှု၊ သက်လုံနှင့် ကျွမ်းကျင်မှု ကောင်းကြကြောင်း၊ ခြေရည်တူနှစ်သင်း ဆုံတွေ့ခြင်းဖြစ်၍ ပွဲကောင်းမည်ဖြစ်ပြီး အမှားနည်းသည့်အသင်း အနိုင်ရမည်ဖြစ်ကြောင်း၊ မိမိတို့ချန်ပီယံဆုဖလား ရရှိရေးအတွက် ကြိုးစားယှဉ်ပြိုင်မည်ဖြစ်ကြောင်း၊ ၁၉၉၈ခုနှစ်က ရန်ကုန်တိုင်းအားကစားနှင့် ကာယပညာကော်မတီက ကြီးမှူးကျင်းပခဲ့သည့် ငါးယောက်စမ်းသပ် ဖူဆယ်ဘောလုံးပြိုင်ပွဲတွင် မိမိတို့ဗိုလ်စွဲခဲ့ဖူးကြောင်း၊ မိမိတို့အသင်းသားများအားလုံး အပြင်းအထန် လေ့ကျင့်ထားပြီး စိတ်ဓာတ်ရေးရာအရ အထူးမြင့်မားနေ၍ အနိုင်ရမည်ဟု ယုံကြည်ပါကြောင်း"မြန်မာ့အလင်းသို့ ပြောကြားသည်။

ထိုက်ထိုက်တန်တန်

ဆက်လက်၍ UPT အသင်းနည်းပြချုပ် ဦးဝင်းစိန်အား ပွဲကြိုမေးမြန်းရာ "အကြိုဗိုလ်လုပွဲစဉ်၌ မိမိတို့အသင်း ကစားပုံ အနည်းငယ် အားနည်းခဲ့ကြောင်း၊ စိုးရိမ်စိတ်များနေ၍ တစ်ဖက်အသင်း၏ ဖိအားပေးမှုကိုခံခဲ့ရကြောင်း၊ ပုံမှန်ခြေမျိုးသာရပါက ဂိုးပြတ်အနိုင်ရမည်ဖြစ်ကြောင်း၊ ဗိုလ်လုပွဲ၌ အေးမင်းဝင်း ပွဲပယ်ခံထားရပြီး ခင်မောင်ထွန်းနှင့် အောင်မျိုးသန့်တို့ အာဆီယံချန်ပီယံရှစ် ပြိုင်ပွဲ သွားရောက် ယှဉ်ပြိုင်နေ၍ အားနည်းမည်ဖြစ်ကြောင်း၊ ဝင်းမင်းထွင့်လည်း ဒဏ်ရာအလျှင်းမပျောက်သေး၍ အပြည့်အဝကစားနိုင်ဦးမည်မဟုတ်ကြောင်း၊ လက်ရှိလူအင်အား အရလည်း တောင့်တင်းမှုရှိပါကြောင်း၊ ရှိသည့် လူအင်အားနှင့် ချန်ပီယံဆုဖလားကြီးကို ထိုက်ထိုက်တန်တန်ရရှိအောင် ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း" မြန်မာ့အလင်းသို့ပြောကြားသည်။

ပိုမိုတိုးတက်လာ

Galaxyအသင်းအုပ်ချုပ်သူ ဦးခင်မောင်လွင်အား အသင်းစတင် ဖွဲ့စည်းခဲ့မှုနှင့် ပြင်ဆင်လေ့ကျင့်မှုများကို မေးမြန်းရာ "မိမိတို့အသင်းကို ၂၀၀၆ခုနှစ် စက်တင်ဘာလမှ စတင်၍ ဖွဲ့စည်းလေ့ကျင့်ခဲ့ကြောင်း၊ တာမွေမြို့နယ် အရိုးကုန်း ရပ်ကွက်၁၄၅လမ်းမှ လူငယ်များ စုစည်း၍ ပထမအကြိမ် ရန်ကုန်မြို့တော်ဝန်ဖလား ဖူဆယ်ဘောလုံး ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း၊ ဖူဆယ်အားကစားနည်းကို စိတ်ပါဝင်စား၍ အပျော်သဘောမျိုး ဖွဲ့စည်းခဲ့ရာမှ ဆောက်လုပ်ရေးအသင်းမှ ကျော်ဇင်ညွန့်၊ လာကျဲအိုလွယ်၊ ထွန်းလင်းအောင်နှင့် ထိန်လင်းတို့ ပါဝင်လာ၍ တောင့်တင်းသည့် အသင်းတစ်သင်း ဖြစ်လာကြောင်း၊ ပထမအကြိမ်ပြိုင်ပွဲ၌ Youth Double အသင်းကို ရှုံးနိမ့်ပြီး ကွာတားဖိုင်နယ်အဆင့်နှင့် ကျေနပ်ခဲ့ရကြောင်း၊ အားကစားသမားများကို အားကစားဝတ်စုံ၊ ခရီးစရိတ်နှင့် လိုအပ်သည့် အာဟာရကျွေးမွေးမှုများကို လိုလေသေးမရှိ ပံ့ပိုးဖြည့်ဆည်းပေးပါကြောင်း၊ ပထမအကြိမ် ပြိုင်ပွဲထက်စာလျှင် မိမိတို့အသင်း ပိုမို တိုးတက်လာကြောင်း" မြန်မာ့အလင်းသို့ ပြောကြားသည်။

ခြေစစ်ပွဲမဝင်ရ

ဆက်လက်၍ Galaxy အသင်းအုပ်ချုပ်သူဦးခင်မောင်လွင်အား ဗိုလ်လုပွဲ အကြိုမေးမြန်းရာ "ပထမအကြိမ်ပြိုင်ပွဲ၌ ကွာတားဖိုင်နယ် တက်ရောက်နိုင်ခဲ့၍ ယခုပြိုင်ပွဲ၌ ခြေစစ်ပွဲမဝင်ရဘဲ တိုက်ရိုက် ယှဉ်ပြိုင်ခွင့်ရခဲ့ကြောင်း၊ ဗိုလ်လုပွဲရောက်သည်အထိ ခြောက်ပွဲ ယှဉ်ပြိုင်ခဲ့ရပြီး YET အသင်းကို ခက်ခက်ခဲခဲ ကစားခဲ့ရကြောင်း၊ UPT အသင်းသည် အသင်းလိုက် စုစည်းမှုကောင်းမွန်ကြောင်း၊ နှစ်သင်း စလုံး၌ ဖူဆယ်လက်ရွေးစင်များ ပါဝင်နေ၍ ခြေမကွာကြောင်း၊ ဗိုလ်လုပွဲ၌ ထိန်လင်း ပွဲပယ်ခံထားရပြီး ဂိုးသမား ကျော်ဇင်ထက် အာဆီယံ ချန်ပီယံရှစ်ပြိုင်ပွဲ သွားရောက်ယှဉ်ပြိုင်နေ၍ အနည်းငယ် အားလျော့မည်ဖြစ်ကြောင်း၊ ဗိုလ်လုပွဲသို့ တက်လှမ်းလာသည့် အားလျော်စွာ နှစ်သင်းစလုံး ခြေစွမ်းထက်မြက်ကြကြောင်း၊ ချန်ပီယံဆုကို မက်မောကြ၍ ရေကုန်ရေခန်း ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း၊ မိမိတို့အသင်း အကောင်းဆုံး ယှဉ်ပြိုင်ပြီးအနိုင်ရဗိုလ်စွဲမည်ဟုယုံကြည်ပါကြောင်း" မြန်မာ့အလင်းသို့ ပြောကြားသည်။

ချီးမြှင့်မည်

ဒုတိယအကြိမ် ရန်ကုန်မြို့တော်ဝန်ဖလား ဖူဆယ်ဘောလုံး ပြိုင်ပွဲတွင် ဆုကြေးအဖြစ် ပထမဆု ငွေကျပ် ၁၀ သိန်း၊ ဒုတိယဆုငွေကျပ် ခြောက်သိန်း၊ ပူးတွဲ တတိယဆု ငွေကျပ်လေးသိန်း (တစ်သင်းလျှင် ကျပ်နှစ်သိန်းစီ) ပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစကားပါး

ဒုတိယအကြိမ် ရန်ကုန်မြို့တော်ဝန်ဖလား ဖူဆယ်ဘောလုံး ပြိုင်ပွဲကို ၂၀၀၆ခုနှစ် အောက်တိုဘာ ၂၃ ရက်မှ စတင်၍ အသင်းပေါင်း ၂၁၈ သင်းကို အုပ်စု ၂၆စုခွဲကာ တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားရုံနှင့် မင်္ဂလာတောင်ညွန့်မြို့နယ် မြို့တော်စည်ပင် အားကစားရုံတို့၌ ကျင်းပခဲ့ခြင်း ဖြစ်သည်။ မြန်မာနိုင်ငံ၌ ဖူဆယ် အားကစားနည်းကို ၂၀၀၅ခုနှစ်အတွင်းက စတင်ယှဉ်ပြိုင် ကစားလာခဲ့ကြရာ ယခုအခါ ဖူဆယ်အားကစားနည်းကို စိတ်ပါဝင်စားသူ အထူးများပြားလာပြီး ကျယ်ကျယ်ပြန့်ပြန့်ကစားလျက်ရှိကြသည်။ ဒုတိယအကြိမ် ရန်ကုန်မြို့တော်ဝန်ဖလား ဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်၌ မည်သည့်အသင်း အနိုင်ရရှိမည်ကို ဖူဆယ်ပရိသတ်များ ရင်ခုန်စွာ ကြည့်ရှုအားပေးကြရမည်ဖြစ်ကြောင်း သတင်းစကားပါး ဖော်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

အပျော်တမ်းအသင်းအဖြစ် စတင်ဖွဲ့စည်းခဲ့ရာမှ တောင့်တင်းသော အသင်းတစ်သင်းဖြစ်လာသည့် Galaxy ဖူဆယ်ဘောလုံးအသင်းမှ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများအား ဤသို့ တွေ့ရသည်။

မဟာဗောဓိစာသင်တိုက်၌ ဓမ္မသဘင်ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၂

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် မိုးကောင်းလမ်း မဟာဗောဓိပရိယတ္တိ စာသင်တိုက် မဟာဗောဓိ မြတ်စွာဘုရားကျောင်းတော်ကြီး၌ ဇန်နဝါရီ ၁၇ ရက်တွင် အရှင်ရာဇိန္ဒ (ရဝေနွယ်၊အင်းမ) က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ည ၇ နာရီ၌ ဟောကြားချီးမြှင့်မည်ဟု သိရသည်။ **(က-ပ)**

စမ်းချောင်းမြို့နယ် ထက်/လယ် ကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲကို ဒီဇင်ဘာ ၃၀ ရက်က အထက(၂) အားကစားကွင်း၌ကျင်းပရာ ပူးတွဲဗိုလ်စွဲသွားသော အထက(၃)နှင့် အလက(၃)အသင်း၊ အမျိုးသမီးအသင်း ပထမဆုရ အထက(၂) အသင်းတို့အား မြို့နယ်ပညာရေးမှူး ဒေါ်သန်းသန်းက ဆုချီးမြှင့်စဉ်။ (၁၂၉)

ကမ္ဘာတစ်လွှား အားကစား

ချယ်လ်ဆီးအသင်း ကစားသမားများ ခေါ်ယူရေးကိစ္စ မော်ရင်ဟိုနှင့် ချယ်လ်ဆီးဘုတ်အဖွဲ့ သဘောထားကွဲလွဲ

ကိုးကားတင်ပြသူ
မြင့်မောင်စိုး

လန်ဒန် ဇန်နဝါရီ ၁၂

ဇန်နဝါရီလ ဘောလုံးသမားများ အပြောင်းအရွှေ့ရာသီတွင် စတမ်းဖို့ဒ် ဘရစ်ဘုတ်အဖွဲ့က မိမိအား ထောက်ခံရန်ငြင်းဆန်နေကြောင်း ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုက စွပ်စွဲပြောကြားလိုက်သည်။

ချယ်လ်ဆီးနည်းပြ မော်ရင်ဟို။ (ဓာတ်ပုံ-အင်တာနက်)

မော်ရင်ဟိုသည် ချယ်လ်ဆီးအသင်းပိုင်ရှင် အေဘရာမိုဗစ်ချ်နှင့် စကားများခဲ့ပြီးနောက် နွေရာသီတွင် အသင်းမှ ထွက်ခွာလိမ့်မည်ဟု သတင်းများပေါ်ထွက်လာခဲ့သည်။

"ကျွန်တော်က ကျွန်တော်လိုချင်တဲ့ ကစားသမားများကို ရွေးထုတ်ခဲ့ပါတယ်၊ ဒါပေမယ့် သူတို့ရောက်မလာကြဘူး၊ အသင်းရဲ့အကြောင်းပြချက်များရှိသော်လည်း သူတို့ကို ပြောဖို့အကြောင်း မရှိတော့ဘူးလား" ဟူ၍ မော်ရင်ဟိုက ပြောကြားသည်။ "ကျွန်တော် ကစားသမားတွေကို ပြောထားပြီးခဲ့ပါပြီ၊ ဒီရွေးချယ်မှုဟာ ကျွန်တော့ရဲ့ ရွေးချယ်မှုမဟုတ်ပါဘူး" ဟူ၍လည်း မော်ရင်ဟိုက ပြောကြားသည်။

မော်ရင်ဟိုသည် အပြောင်းအရွှေ့ကာလအတွင်း နောက်တန်းကစားသမားတစ်ဦးနှင့် တိုက်စစ်မှူးတစ်ဦး ခေါ်ယူရန် စိတ်အားထက်သန်နေသည်။

သို့သော်လည်း မည်သည့်ကစားသမားကိုမျှ မခေါ်ယူနိုင်ခဲ့၍ မည်သည့်ကစားသမားကိုမျှ အသင်းမှ ထွက်ခွာခွင့်ပြုလိမ့်မည် မဟုတ်ကြောင်းလည်း မော်ရင်ဟိုကပြောကြားသည်။

"ဒီအသင်းဟာ ကျွန်တော့ အသင်းပိုင်တော့ မဟုတ်ပါဘူး၊ ဒါပေမယ့် ကျွန်တော်ဟာ ဒီအသင်းရဲ့မန်နေဂျာတစ်ယောက်ပါ" ဟူ၍လည်း ၎င်းကဆိုသည်။ **(အင်တာနက်)**

ချာလ်တန်ခံစစ်မှူး ထရာအိုရေး ပို့စ်မောက်အသင်းခေါ်ယူစာချုပ်

ချာလ်တန် နောက်တန်းကစားသမား ဒီဂျင်မီထရာအိုရေး၏ ကစားဟန်။
(ဓာတ်ပုံ-အင်တာနက်)

လန်ဒန် ဇန်နဝါရီ ၁၂

ပို့စ်မောက်အသင်းသည် ချာလ်တန်နောက်တန်း ကစားသမား ဒီဂျင်မီထရာအိုရေးအား ပေါင်တစ်သန်းဖြင့် နှစ်နှစ်ခွဲစာချုပ် ချုပ်ဆိုလိုက်ပြီဖြစ်ကြောင်း အင်တာနက်တွင် သတင်းဖော်ပြသည်။

ထရာအိုရေးသည် ချာလ်တန်သို့ လီဗာပူးအသင်းမှ ပေါင်နှစ်သန်းဖြင့် ပြီးခဲ့သောနွေရာသီက ပြောင်းရွှေ့လာခဲ့သည်။ ၎င်းသည် ၂၀၀၅ခုနှစ်က လီဗာပူးအသင်းနှင့်အတူ ချန်ပီယံလိဂ်ဖလား ဆွတ်ခူးနိုင်ခဲ့သည်။

အသက် (၂၆)နှစ်ရှိ အဆိုပါ နောက်တန်းကစားသမားသည် ဝက်စ်ဟမ်းအသင်းနှင့် ကစားရာတွင် ချာလ်တန်အသင်းမှ ထွက်သွားရသည်။ ၎င်းသည် မာလီလက်ရွေးစင်ဘောလုံးသမားလည်း ဖြစ်သည်။

အစားထိုးမည်

ချာလ်တန်အသင်းအနေဖြင့် ၎င်း၏နေရာတွင် မန်စီးတီးအသင်းမှ ဘင်သက်ချာကို အစားထိုးမည်ဖြစ်ကြောင်း သိရသည်။ထရာအိုရေးသည် လီဗာပူးအသင်း ၂၀၀၅ခုနှစ်က အေစီမီလန်အသင်းကိုနိုင်ပြီး ချန်ပီယံလိဂ်ဆုဖလား ဆွတ်ခူးခဲ့ရာတွင် နောက်တန်းခံစစ်မှူးအဖြစ် နာမည်ကျော်ကြားခဲ့သည်။ **(အင်တာနက်)**

ဘယ်လ်ဂျီယံသူ ကင်ကလစ္စတား ဒုတိယမြောက်ဖလားချိန်ပြီ

ဘယ်လ်ဂျီယံနိုင်ငံသူ တင်းနစ် အကျော်အမော် ကင်ကလစ္စတား။

ဆစ်ဒနီ ဇန်နဝါရီ ၁၂

ဘယ်လ်ဂျီယံနိုင်ငံသူ တင်းနစ်အကျော်အမော် ကင်ကလစ္စတားသည် ဆစ်ဒနီအင်တာနေရှင်နယ် တင်းနစ်ပြိုင်ပွဲတွင် တရုတ်နိုင်ငံသူ လီနာအား အနိုင်ရပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားခဲ့သည်။

ကင်ကလစ္စတားသည် အဆိုပါ ဆစ်ဒနီဖလားကို ၂၀၀၃ ခုနှစ်က ဆွတ်ခူးနိုင်ခဲ့သည်။ လီနာသည်တရုတ်နိုင်ငံ၏ အကောင်းဆုံး တင်းနစ် အမျိုးသမီးချန်ပီယံ ဖြစ်သည်။ သို့ရာတွင် ယခုပွဲစဉ်တွင် ကမ္ဘာ့အဆင့်(၃)ရှိ ကင်ကလစ္စတားအား အရှုံးဖြင့် ရင်ဆိုင်လိုက်ရသည်။

ဗိုလ်လုပွဲရောက်

အလားတူ ဆားဘီးယားနိုင်ငံသူ ဂျန်ကိုဗစ်သည်လည်း နီကိုလေးဗိုင်ဒစ်ဆိုဗာအား ၆-၄၊ ၄-၆၊ ၆-၄ ဖြင့်နိုင်ခဲ့ပြီး ဗိုလ်လုပွဲသို့ တက်ရောက်လာသည်။ ဂျန်ကိုဗစ်သည် ပြီးခဲ့သောသီတင်းပတ်က အော့ကလန်ကလပ်ဆစ် တင်းနစ်ဖလားလုပွဲတွင် ဆုဖလားဆွတ်ခူးနိုင်ခဲ့သည်။ ထို့အတူ ကင်ကလစ္စတားသည်လည်း ပြီးခဲ့သောသီတင်းပတ်က ဟောင်ကောင်၌ကျင်းပသော တင်းနစ်ပြိုင်ပွဲတွင် ဖလားဆွတ်ခူးထားသည်။

ယင်းတို့ နှစ်ဦးသည် ဗိုလ်လုပွဲတွင် ယခုနှစ်အတွင်း ဒုတိယမြောက်ဖလား ဆွတ်ခူးနိုင်ရေးအတွက် အကြိတ်အနယ် ဆက်လက်ယှဉ်ပြိုင် ကစားကြမည်ဖြစ်သည်။ **(အင်တာနက်)**

ရွှေရောင်လွှမ်းသောဘက်ခမ်း ဘ၀စာမျက်နှာများ

စုစည်းတင်ပြသူ မောင်မောင်မြင့်ဆွေ

ဒေးဗစ်ဘက်ခမ်း၏ ရွှေရောင်လွှမ်းသော ဘောလုံးသမားဘ၀ စာမျက်နှာများကို လှန်လိုက်သောအခါ . . .

ဘောလုံးပါရမီရှင်တစ်ဦးဟု ကမ္ဘာ့ဘောလုံးအသိုင်းအဝိုင်းက အသိအမှတ်ပြုခံခဲ့ရသူ ဒေးဗစ်ဘက်ခမ်း၏အမည်ရင်းမှာ ဒေးဗစ်ရောဘတ်ဂျို့ ဘက်ခမ်းဖြစ်ပြီး ငယ်စဉ်ကလေးဘ၀ ကတည်းက ဘောလုံးကို စွဲစွဲလမ်းလမ်းနှင့်ကစားခဲ့သူ တစ်ဦး ဖြစ်သည်။

လန်ဒန်မြို့အရှေ့ပိုင်းလိုင်တွန် စတုန်းအရပ်၌ ၁၉၇၅ ခုနှစ် မေလ၂ရက်မှာ မွေးဖွားခဲ့သူဖြစ်ပြီး ဆော့ကစားတတ်တဲ့ အရွယ်မှ စတင်ကာ နေ့တိုင်းနီးပါး ဘောလုံးကိုပဲ ကစားခဲ့သူ ဖြစ်သည်။ ဒေးဗစ်ဘက်ခမ်းသည် ၁၉၉၁ ခုနှစ် အသက် ၁၆နှစ် အရွယ်မှာပင် မန်ချက်စတာယူနိုက်တက်သို့ ရောက်ရှိခဲ့ပြီး ၁၉၉၂ ခုနှစ်၌ အက်ဖ်အေလူငယ် ဖလားဘောလုံးပြိုင်ပွဲ၌ မန်ယူအတွက် ဆုဖလားရရှိအောင် ကစားပေးနိုင်ခဲ့သူ ဖြစ်သည်။

ရွှေရောင်လွှမ်းသောနှစ်

၁၉၉၃ခုနှစ်တွင် မန်ယူအသင်းကြီး၏ ကစားသမားအဖြစ် အိုးထရက်ဖို့ဒ်၌ စတင်ကစားခဲ့ရာမှ မန်ယူအတွက် ကွင်းလယ်သူရဲကောင်းဖြစ်ခဲ့ပြီး ဖြတ်တင်ဘောများမှာ တိကျမှန်ကန်လွန်းသဖြင့် မန်ယူအတွက် အောင်ပွဲများ ရရှိခဲ့သလို ဘက်ခမ်းအတွက်လည်း ရွှေရောင်လွှမ်းခဲ့သော နှစ်များ ဖြစ်ခဲ့လေသည်။

အနီကတ်ပြခံရ

ထို့အပြင် အင်္ဂလန်ဘောလုံးအသင်း လက်ရွေးစင်အဖြစ် ၁၉၉၈ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲ၌ ကိုလံဘီယာအသင်းနှင့် ကစားရာတွင် အလွတ်တည်ကန်ဘောမှ တစ်ဆင့် ဂိုးဝင်အောင် သွင်းနိုင်ခဲ့သော်လည်း ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်၌ အာဂျင်တီးနားနှင့်ပွဲတွင် အနီကတ်ပြ အထုတ်ခံခဲ့ရသည်မှာ အဆိုးရွားဆုံးဖြစ်ရပ်အဖြစ် မှတ်တမ်းတင်ခဲ့သည်။

ကစားခဲ့

ဒေးဗစ်ဘက်ခမ်းသည် မန်ယူအသင်း၏ ငယ်မွေး ခြံပေါက် ကစားသမားတစ်ဦးဖြစ်ပြီး ဘောလုံးသမားဘ၀ သုံးပုံနှစ်ပုံမှာ မန်ယူတွင် ကစားခဲ့ခြင်းဖြစ်သည်။ မန်ယူအသင်း၏ ကွင်းလယ်၌ အဓိကကစားသမားအဖြစ်လည်းကောင်း၊ တောင်ပံသမား အဖြစ်လည်းကောင်း အရည်အချင်း ပြည့်ဝစွာ ကစားနိုင်ခဲ့သူဖြစ်ရာ မန်ယူအသင်းရရှိသည့်ဂိုးများ အားလုံးနီးပါးမှာ ဒေးဗစ်ဘက်ခမ်းနှင့် ဆက်နွှယ်ခဲ့သည်။

အချစ်တော်ဖြစ်ခဲ့

မန်ယူအတွက် ပရီမီယာလိဂ်ဖလားခြောက်ခု၊ အက်ဖ်အေဖလားနှစ်ခု၊ ချန်ပီယံလိဂ်ဖလားတစ်ခုကို ရအောင် ဒေးဗစ်ဘက်ခမ်း စွမ်းဆောင်ပေးနိုင်ခဲ့ပြီး မန်ယူကို ကမ္ဘာ့ဘောလုံးလောကတွင် ဂုဏ်တင့်အောင် ကြိုးစားပေးခဲ့သလို ဖာဂူဆန်၏ အားကိုးရသူ၊ မန်ယူပရိသတ်၏အချစ်တော်အဖြစ် ရပ်တည်နိုင်ခဲ့သူလည်းဖြစ်သည်။ ထို့အတူ ဒေးဗစ်ဘက်ခမ်း၏လုပ်ခလစာမှာလည်း တစ်ပတ်လျှင် အမေရိကန်ဒေါ်လာ ၁၉၅၀၀၀ရရှိခဲ့လေသည်။

အဖုအထစ်

သို့သော် မန်ယူနှင့် ဒေးဗစ်ဘက်ခမ်းတို့ လမ်းခွဲမှုမှာ ၂၀၀၃ခုနှစ်၌ ဖြစ်ပေါ်လာသည်။ ထိုနှစ်အက်ဖ်အေဖလားဘောလုံးပြိုင်ပွဲအဖြစ်အာဆင်နယ်ကို ရှုံးနိမ့်ခဲ့သည့်ပွဲ၌ ပထမပိုင်းပွဲချိန်အပြီး အဝတ်လဲခန်း၌ ဖာဂူဆန်ဒေါသ ပေါက်ကွဲပြီး နီးရာကန်ကျောက်ရာမှ ဖာဂူဆန် ဖိနပ်တစ်ဖက် ကျွတ်ထွက်ပြီး ဒေးဗစ်ဘက်ခမ်း၏မျက်နှာ ထိမှန်ခဲ့သည်။ ဒေးဗစ်ဘက်ခမ်း၏ ဝဲဘက်မျက်လုံးအပေါ်၌ ဒဏ်ရာရရှိခဲ့ပြီး ဖာဂူဆန်နှင့်ဆက်ဆံရေးအဖုအထစ်ဖြစ်ခဲ့ရာမှ ရက်ပိုင်းအတွင်း ကစားရသည့် ချန်ပီယံလိဂ်ကွာတားဖိုင်နယ် ဒုတိယအကျော့ပွဲအဖြစ် ရီးရဲမက်ဒရစ်နှင့် ကစားရာတွင် ဒေးဗစ်ဘက်ခမ်း မပါရှိတော့ချေ။ အိုးထရက်ဖို့ဒ်၌ ကစားရသောပွဲများတွင် ပထမဆုံး ဒေးဗစ်ဘက်ခမ်း ပါဝင်ကစားခွင့် မရရှိခဲ့သည်ဖြစ်ရာ ဘက်ခမ်းရင်ထဲ၌ ခံစားမှုသောက ဖြစ်ပွားခဲ့ရသည်။

ပြောင်းရွှေ့ခဲ့

မကြာပါချေ။ ၂၀၀၃ခုနှစ် ဇူလိုင်လ၌ ရီးရဲမက်ဒရစ်သို့ ဒေးဗစ်ဘက်ခမ်း ပြောင်းရွှေ့ကြေး အမေရိကန်ဒေါ်လာ ၄၁ သန်းဖြင့် လေးနှစ်စာချုပ်ချုပ်ဆိုကာ ပြောင်းရွှေ့သွားခဲ့လေသည်။ ထိုနှစ်၌ ရီးရဲလ်မက်ဒရစ်အတွက် ၁၆ ပွဲကစားပေးခဲ့ပြီး ငါးဂိုးသွင်းယူပေးနိုင်ခဲ့သည်။

ပုံမှန်နေရာမရ

သို့သော် ရီးရဲမက်ဒရစ်ရောက် ဒေးဗစ်ဘက်ခမ်းမှာ ပုံမှန်ခြေစွမ်းများ မပြနိုင်ဘဲဖြစ်သည့်အပြင် သူ၏အပြောင်မြောက်ဆုံး ဖြတ်တင်ဘောများလည်း ထိရောက်မှန်ကန်မှုမရှိခဲ့ဘဲ ခြေစွမ်းကျဆင်းခဲ့သဖြင့် ပုံမှန်နေရာမရဖြစ်လာခဲ့သည်။

ဒေးဗစ်ဘက်ခမ်း ရီးရဲမက်ဒရစ်သို့ ရောက်ရှိချိန်တွင် ရီးရဲမက်ဒရစ်အတွက် ဖလားတစ်လုံးမျှ ရယူပေးနိုင်ခဲ့ခြင်း

အယ်လ်အေဂလက်ဆီအသင်းသို့ ပြောင်းရွှေ့မည့် ဒေးဗစ်ဘက်ခမ်း၏ ကစားဟန်။
(ဓာတ်ပုံ-အင်တာနက်)

လည်း မရှိခဲ့သလို အရန်ခုံတွင်သာ အထိုင်များနေရပြီး အချိန်ပိုင်းမျှသာ ကစားခဲ့ရသည့်အဖြစ်နှင့် ကြုံတွေ့ခဲ့ရလေသည်။ ထို့အတူ ၂၀၀၆ ကမ္ဘာ့ဖလားတွင်လည်း အင်္ဂလန်အသင်းခေါင်းဆောင်အဖြစ် ကစားခဲ့ရာ အောင်မြင်မှုမရရှိဘဲ ကွာတားဖိုင်နယ်အဆင့်နှင့် အိမ်ပြန်ခဲ့ရပြီးနောက် အင်္ဂလန်အသင်းခေါင်းဆောင်အဖြစ်မှ နုတ်ထွက်ခဲ့လေသည်။ အင်္ဂလန်အသင်းနည်းပြ မက်ကလာရင်ကလည်း ဒေးဗစ်ဘက်ခမ်းကို ခေါ်ယူမကစားခဲ့တော့ချေ။

စာချုပ်မည်

အရန်ခုံတွင် အထိုင်များနေရသော ဒေးဗစ်ဘက်ခမ်းတစ်ယောက် ယခုအခါ ရီးရဲမက်ဒရစ်က စာချုပ်သက်တမ်းတိုးချင်နေသော်လည်း လော့အိန်ဂျလိစ် မေဂျာလိဂ်ဘောလုံးအသင်း တစ်သင်းဖြစ်သည့် အယ်လ်အေဂလက်ဆီအသင်းသို့ ငါးနှစ်စာချုပ်ဖြင့် ပြောင်းရွှေ့တော့မည်ဖြစ်သည်။

ဝင်ငွေရရှိမည်

ရီးရဲမက်ဒရစ်၌ ယခုနှစ်ရာသီကုန်အထိ ကစားပေးမည်ဖြစ်ပြီး နောက်နှစ် ဘောလုံးရာသီတွင် အယ်လ်အေဂလက်ဆီအသင်း၌ ကစားတော့မည်ဖြစ်ရာ လုပ်ခလစာ၊ ကြော်ငြာ၊ ပုံရိပ်အသုံးပြုခများနှင့် ကုန်ပစ္စည်းရောင်းချရမှုများမှ ဝင်ငွေမှာ ငါးနှစ်အတွင်း အမေရိကန်ဒေါ်လာ ၂၇၅ သန်း ရရှိမည်ဖြစ်ကြောင်း ရေးသားဖော်ပြလိုက်ပါသည်။ ။

(ကိုးကား-အင်တာနက်သတင်းများ)

■ ကျောဖုံးမှ

လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ တိုင်းရင်းသူ တိုင်းရင်းသားများနှင့် ဒေသခံ ကျေးရွာပြည်သူများ တက်ရောက်ကြသည်။

ဆက်လက်၍ ဝမ်အင်စံပြကျေးရွာ စာကြည့်တိုက် အဆောက်အအုံ လွှဲပြောင်းပေးအပ်ခြင်း၊ စာအုပ်နှင့် ငွေပဒေသာပင်များ လှူဒါန်းပွဲကို ကျင်းပရာ စာကြည့်တိုက် အဆောက်အအုံနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ဝမ်အင်ကျေးရွာ ရပ်မိရပ်ဖ ဦးလုံးမှူးက ပင်လုံမြို့နယ်ခွဲ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ဆွေထံသို့ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် စာကြည့်တိုက်အတွက် ရှမ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့များက စာအုပ်စာတမ်းများ လှူဒါန်းခြင်း၊ ရပ်မိ ရပ်ဖများက စာကြည့်တိုက်ငွေပဒေသာပင်အတွက် ငွေကျပ်သုံးသောင်း လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံကြသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ဆွေက ကျေးဇူးတင်စကား ပြောကြားသည်။

စုပေါင်းဆောက်လုပ်

ဝမ်အင်နှင့် ဝမ်လုံစံပြကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသည် ကျေးရွာပြည်သူများ စုပေါင်းဆောက်လုပ်ထားခြင်းဖြစ်ပြီး ငွေကျပ် ၁၀ သိန်းကျော် ကုန်ကျကာ စာအုပ်စာတမ်း ၄၁၀ ရှိကြောင်း သိရသည်။

ဆက်လက်၍ ဝမ်အင်ကျေးရွာ ဆေးခန်း၌ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ကြီးကြပ်မှုဖြင့် ကျန်းမာရေးဌာနမှ တာဝန်ရှိသူများက ကလေးငယ်များအား ပေါင်ချိန်ခြင်း၊ ကိုယ်ဝန်ဆောင်များဆေးစစ်ခြင်း၊ ကုသခြင်းများကို ဆောင်ရွက်ပေးကြသည်။ ထို့အတူ လွိုင်လင်ခရိုင် ခုတင်(၂၀၀)ဆံ့ ဆေးရုံကြီးမှ အထွေထွေရောဂါကုသမားတော်ကြီး ဒေါက်တာ ဒေါ်အေးအေးမူ ခေါင်းဆောင်လျက် ကလေးရောဂါ အထူးကု၊ အရိုးအကြော အထူးကု၊ အဆုတ်နှင့် တီဘီရောဂါ အထူးကု၊ သွားနှင့် ခံတွင်းရောဂါ အထူးကုနှင့် နားနှင့် နှာခေါင်းရောဂါ အထူးကု ဆရာဝန်များ လိုက်ပါသော အဖွဲ့သည် ဝမ်အင်-ဝမ်လုံ စံပြကျေးရွာ မူလတန်းကျောင်း၌ ကျေးရွာရှိ သက်ကြီးဘိုးဘွား ၁၀ဦးအား ဆေးစစ် ကုသပေးခြင်း၊ အားဆေးများလှူဒါန်းပေးခြင်းနှင့် ကျေးရွာနေ ပြည်သူလူထု ၁၄၀ တို့အား ဆေးဝါးများ ကုသပေးခြင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပြုလုပ်ပေးကြသည်။

စာအုပ်များလှူဒါန်း

ထို့အတူ ခရိုင်နှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့မှ ကျေးရွာ မူလတန်းကျောင်းက ကျောင်းသားကျောင်းသူများအား ဗလာစာအုပ်များ ပေးအပ်လှူဒါန်းပေးကြသည်။

စံပြကျေးရွာ ဖွင့်ပွဲအခမ်းအနားနှင့် တစ်ဆက်တည်းတွင် ခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နန်းငွေငွေး ခေါင်းဆောင်လျက် အောင်မင်္ဂလာဘုန်းတော်ကြီးကျောင်း၌ အမျိုးသမီးရေးရာစကားဝိုင်း ပြုလုပ်ရာ အမျိုးသမီးဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ လူမှောင်ခိုကုန်ကူးမှုမှ တားဆီး ကာကွယ်ရေးစသည့် အမျိုးသမီးများနှင့် ပတ်သက်၍ အမျိုးသမီးရေးရာအဖွဲ့၏ ဆောင်ရွက်ချက်များကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေး ဟောပြောကြသည်။

ရုပ်/သံကြည့်ရှုနိုင်

ဝမ်အင်-ဝမ်လုံ စံပြကျေးရွာသည် ကျေးရွာလျှပ်စစ်ဓာတ်အားပေးလုပ်ငန်းဖြင့် ကျေးရွာအိမ်များ မီးပေးခြင်း၊ ကျေးရွာလျှပ်စစ်မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးထားသဖြင့် ကျေးရွာပြည်သူများအနေဖြင့် ညပိုင်းတွင် ကျေးရွာစာကြည့်တိုက်၌ စာပေ ဗဟုသုတ လေ့လာနိုင်ခြင်း၊ ရုပ်မြင်သံကြားကြည့်ရှုနိုင်ခြင်းတို့ ဆောင်ရွက်နိုင်ကြပြီဖြစ်သည်။

ကျေးရွာနေပြည်သူများ၏ စီးပွားရေးလုပ်ငန်းများအနေဖြင့် စပါး၊ ဂေါ်ဖီ၊ လိမ္မော်၊ ပဲမျိုးစုံစိုက်ပျိုးလျက် ဆန်စပါးဝမ်းစာ ဖူလုံပိုလျှံမှုရှိကြောင်း သိရသည်။

ကျေးရွာနေပြည်သူများသောက်ရေ၊ သုံးရေ အလွယ်တကူ ရရှိရေးအတွက် မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဂါလန် ၆၀၀၀ဆံ့အုတ်ရေကန်တစ်ခုကို တည်ဆောက်၍ ရေပေးဝေလျက်ရှိရာ ရေအလွယ်တကူ ရရှိနေပြီဖြစ်သည်။

ဆက်သွယ်ပြောဆို

ပင်လုံအရှေ့အုပ်စု ဝမ်အင်၊ ဝမ်လုံ စံပြကျေးရွာသည် လွိုင်လင်၊ ပင်လုံသွား ကားလမ်းမပေါ်တွင် တည်ရှိပြီး လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သော ရွာတစ်ရွာဖြစ်သည့်အပြင် ကျေးရွာမှ နိုင်ငံအနှံ့သို့ တယ်လီဖုန်းဖြင့် ဆက်သွယ်ပြောဆိုနိုင်ခြင်း၊ ဆက်သွယ်ရေးဌာနက ကျေးရွာစာတိုက်ပုံးများ စီစဉ်ဆောင်ရွက်ပေးထားသည်။

မွေးမြူရေးလုပ်ငန်းများအနေဖြင့် ဥစားကြက်အကောင် ၁၆၀၀၀ကျော် မွေးမြူထားသော ကြက်ခြံရှိခြင်း၊ ကျွဲနွားနှင့် ဝက်များကို တစ်နိုင်တစ်ပိုင် မွေးမြူထားပြီး တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ကျေးရွာရှိ ကျွဲနွားများကို ကြိုတင်ကာကွယ်ဆေးများ ထိုးနှံပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ ဝါးပေါသော ဒေသဖြစ်သဖြင့် ဝါးဖြင့် ဆန်ကော၊ ဆန်ကာ၊ ခြင်းတောင်းများ ရက်လုပ်ခြင်းဖြင့် ကျေးရွာ မိသားစု ဝင်ငွေတိုးတက်ကောင်းမွန်လျက်ရှိသည်။

ဆန်စက်

ထို့အပြင် ကျေးရွာပြည်သူတို့၏ လယ်ယာမှထွက်ရှိသော စပါးများကို အလွယ်တကူကြိတ်ခွဲနိုင်ရန် ဝမ်လုံကျေးရွာတွင် တစ်နေ့လျှင် ဆန်တင်း၅၀ကျ ဆန်စက်တစ်လုံး တည်ထောင်ထားရှိသည်။

ထို့ကြောင့် ပင်လုံဒေသ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးလုပ်ငန်းများသည် ယခင်နှင့်မတူ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လျက် ရှိသည့်အပြင် ဒေသခံ တိုင်းရင်းသားပြည်သူများ ကိုးကွယ်ပူဇော်နိုင်ရန်အတွက် ဉာဏ်တော် ၁၃၅ပေရှိသည့် မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော်မြတ်ကြီး တစ်ဆူကို တည်ထားပေးသည်။

ဖွင့်လှစ်သင်ကြား

ရှမ်းပြည်နယ်(တောင်ပိုင်း)လွိုင်လင်ခရိုင် ပင်လုံမြို့နယ်သည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အရယူခဲ့ပြီး လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းတွင် မှတ်တမ်းဝင်ဒေသဖြစ်သဖြင့် ပင်လုံကျောက်တိုင်ကို တွေ့မြင်နိုင်သည်။ ယခုအခါ နိုင်ငံတော်အစိုးရက နယ်စပ်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်အရ ပင်လုံဒေသတွင် ပင်လုံတက္ကသိုလ်၊ အစိုးရကွန်ပျူတာကောလိပ်၊အစိုးရနည်းပညာကောလိပ်တို့ကို တည်ဆောက်ဖွင့်လှစ်ပေးခဲ့ပြီး နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းကိုလည်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ပင်လုံမြို့ကို စတင်တည်ထားခြင်း မပြုမီကပင် ဝမ်လုံကျေးရွာသည် တည်ရှိခဲ့ရာ ယခုအခါ ဝမ်အင်ကျေးရွာနှင့် တစ်ဆက်တစ်စပ်တည်း ဖြစ်တည်လာပြီး ဝမ်အင်-ဝမ်လုံစံပြကျေးရွာအဖြစ် ဘက်စုံဖွံ့ဖြိုးတိုးတက်လာသဖြင့် ပင်လုံမြို့နှင့်ပင် ဆက်စပ်ပေါင်းစည်းပြီး မြို့ပြနှင့်မခြား တိုးတက်ဖွံ့ဖြိုးလာကြောင်း မျက်ဝါးထင်ထင် တွေ့မြင်နိုင်ပြီဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်အောင်သမ္ဗုဒ္ဓေစေတီရုံဓမ္မ(၁၀၈)ဆူ အနေကဇာတင်နှင့်ရေစက်ချပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၂

ဧရာဝတီတိုင်း မြန်အောင်မြို့ ပရဟိတ မြို့ရွှေကျောင်းတိုက် မြန်အောင်သမ္ဗုဒ္ဓေစေတီရုံ ဓမ္မ(၁၀၈)ဆူ အနေကဇာတင်နှင့် ရေစက်ချပွဲမင်္ဂလာကို ၁၃၆၈ ခုနှစ် ပြာသိုလပြည့်ကျော် ၁၁ရက်နှင့်၁၂ရက်(ဇန်နဝါရီ ၁၃ရက်နှင့် ၁၄ရက်)တို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ စေတီရုံအလှူရှင်များ၊ စေတနာအလှူရှင်များ တက်ရောက်ကြည်ညို သဒ္ဓါပွားနိုင်ကြရန် ဖိတ်ကြားနှိုးဆော်ထားကြောင်း သိရသည်။ **(သတင်းစဉ်)**

မှတ်ပုံတင်နှင့် လိုင်စင်သက်တမ်း တိုးမြှင့်ခြင်းမရှိသော တိုင်းရင်းဆေးဝါးများအား မှတ်ပုံတင်/လိုင်စင် ပယ်ဖျက်မည်

နေပြည်တော် ဇန်နဝါရီ ၁၂

ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနအနေဖြင့် အများပြည်သူသုံးစွဲရန်အတွက် ဈေးကွက်တွင် ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိသော မြန်မာ့တိုင်းရင်းဆေးဝါးများ စနစ်တကျနှင့် စံချိန်စံညွှန်းမီဆေးဝါးများအဖြစ် သုံးစွဲရန်ရည်ရွယ်၍ တိုင်းရင်းဆေးဝါး ယာယီမှတ်ပုံတင်ထုတ်ပေးခဲ့ရာ ၁၉၉၇ခုနှစ်မှ ၂၀၀၆ခုနှစ် ဒီဇင်ဘာလကုန်အထိ ၈၃၅၄ မျိုးရှိပြီး၊ ထုတ်လုပ်ခွင့်လိုင်စင် ၁၄၆၁ ခု ခွင့်ပြုထုတ်ပေးခဲ့ကြောင်း၊ အဆိုပါ ဆေးဝါးများအနက် မှတ်ပုံတင် သက်တမ်းတိုး ပုံမှန်ပြုလုပ်သော ဆေးဝါး၃၁၈၈မျိုးနှင့် လိုင်စင်သက်တမ်းတိုးမြှင့်မှု ပုံမှန်ပြုလုပ်သော ဆေးဝါး ၆၉၇ခုသာရှိသည်ဟု စိစစ်တွေ့ရှိရကြောင်း သိရသည်။

သို့ဖြစ်၍ ယာယီမှတ်ပုံတင်နှင့်လိုင်စင်သက်တမ်းမကုန်ဆုံးမီ သက်တမ်းတိုးမြှင့်ရေးဆောင်ရွက်ရန်နှင့်သက်တမ်းကုန်ဆုံးသော တိုင်းရင်းဆေးဝါးများကို တိုင်းရင်းဆေးဝါးဥပဒေအရ ယာယီမှတ်ပုံတင်နှင့် လိုင်စင်ပယ်ဖျက်မည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

ဆုချီးမြှင့်

ဇန်နဝါရီ ၇ ရက်က သထုံအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့်၂၀၀၆ ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲအောင် အသင်းဝင်သားသမီးများ ဂုဏ်ပြုပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရ မဝတ်ရည်လှိုင်အား ဥက္ကဋ္ဌဦးစောလွင်က ဆုချီးမြှင့်စဉ်။ (က-ပ)

ဇန်နဝါရီ ၉ ရက်က တောင်ဥက္ကလာပမြို့နယ် (၅) ရပ်ကွက် စစ်ကိုင်း ၂၅လမ်း အမှတ် ၇၃၇ နေ ဦးမောင်ရွှေ နှင့် ဦးမောင်ခ မိသားစုတို့က ရွှေတိဂုံစေတီတော်ကြီး ရွှေပြား သင်္ကန်းအတွက် ရွှေသုံးကျပ်သား(တန်ဖိုးငွေကျပ်၁၂၆၀၀၀၀)ကို အလှူခံဌာနသို့ လာရောက်လှူဒါန်းရာ ဘဏ္ဍာရေးဌာန ဌာနခွဲမှူးဦးအောင်မြိုင်က ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်စဉ်။ (က-ပ)

သီတဂူကြယ်တစ်ပွင့်၏ ဓမ္မသဘင်

ရန်ကုန် ဇန်နဝါရီ ၁၂

မန္တလေးပြည်ကြီးတံခွန် တံခွန်တိုင် တမာတန်း ငြိမ်းချမ်းရွှေပြည်ကျောင်းတိုက်၏ ပဓာန နာယက သာသနဓဇ ဓမ္မာစရိယ သဒ္ဓမ္မဇောတိကဓဇ ဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူကြယ်တစ်ပွင့် အရှင်ပညာနန္ဒသည် ဇန်နဝါရီ ၂၃ရက် (ဆည်းဆာ) လေးကျွန်းမြေစစ်ကိုင်း (ဝင်းည) ၇နာရီ ပရိယတ္တိအသင်း ဦးလှသိန်း ဗိမာန် မန္တလေး (ဝင်းည) ၈နာရီခွဲ ပ-ရပ် ၆၁လမ်း ၄၁-၄၂ ကြား မန္တလေး၊ ၂၄ ရက်၊ ၂၅ ရက် ဗြဟ္မစိုရ်အသင်း မင်းဘူးမြို့၊ ၂၆ရက်ည ထုံးဘို ပုသိမ်ကြီး၊ ၂၇ရက်ည မလဲသာရွာ မုံရွာမြို့၊ ၂၈ရက်ည ၂၄ ဆူ ဘုရား မတ္တရာမြို့၊ ၂၉ရက်ည ကျားရွာ ရွှေဘိုမြို့၊ ၃၀ ရက် (ဆည်းဆာ) ရန်အောင်မြင်ဘုရား စစ်ကိုင်း (ဝင်းည) လေးစုကန်တော်ရပ် အမရပူရ၊ ၃၁ ရက်ည ပုညကာရီ ဓမ္မာရုံ ထွန်တုန်း မန္တလေး၊ ဖေဖော်ဝါရီ ၁ရက် (ညနေ) ၃ နာရီ ဖျောက်ဆိပ်ကုန်းရွာ အမရပူရ (ဆည်းဆာ)ကုန်းနီရွာ စဉ့်ကိုင် (ဝင်းည) ဖလံဖိုရွာစဉ့်ကိုင်၊ ၂ရက်ည ကျွဲပွဲမြို့၊ ၃ရက်ည ဆောင်းခါး အလယ်ရွာ ဆလင်းကြီး၊ ၄ ရက်ည ဆင်တဲရွာ တံတားဦးမြို့၊ ၅ရက်(မွန်းလွဲ) ၁ နာရီ ဇဂျမ်းရွာတောင်သာ (ဝင်းည) ပရိယတ္တိသဒ္ဓမ္မပါလ မြင်းခြံ၊ ၆ရက်ည (၅၅) ရပ်ကွက် တ/ဒဂုံ ရန်ကုန်၊ ၇ရက်ည ၁၃ရပ်ကွက် တ/ဥက္ကလာ၊ ၈ ရက်(ဆည်းဆာ) မြေနီကုန်းဓမ္မာရုံ စမ်းချောင်း (ဝင်းည) (၅)ရပ် သုမနဗိမာန် သာကေတ၊ ၉ရက်(ဆည်းဆာ) ဝိနယာသီသ၊ သာဓုတိုက်ကြည့်မြင်တိုင် (ဝင်းည) သုမနဗိမာန် (၅)ရပ် သာကေတ၊ ၁၀ရက်ည ခေမာကျောင်းလမ်း မ/ဥက္ကလာ၊ ၁၁ရက်ည ဈ-၃၄ ရွှေပြည်သာ ရန်ကုန်၊ ၁၂/၁၃ ရက်ညများ ပင်လုံဈေး လှိုင်သာယာ၊ ၁၄ရက်ည နဝရတ်ဈေး ရွှေပြည်သာ၊ ၁၅ရက်ည ရတနာသင်္ဂီဈေး ဈ/ရပ် မ/ဥက္ကလာ၊ ၁၆ရက် (ဆည်းဆာ) ဈေးကလေး ထီးတန်းရပ် ကြည့်မြင်တိုင် ဝင်းည ဈ/ရပ် ရတနာသင်္ဂီဈေး ကြည့်မြင်တိုင် ရန်ကုန် ဓမ္မသဘင်တို့၌ တရားတော်များ ဟောကြားမည်ဖြစ်သည်။

(က-ပ)

အထက(၂)ရန်ကင်း အာစရိယပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၁၂

အထက(၂)ရန်ကင်း (ကျောက်ကုန်း စိန်မိုက်ကယ်) ကျောင်းတွင် ၁၉၅၉-၆၀ ခုနှစ်မှ ၁၉၈၅-၈၆ ခုနှစ်အတွင်း ပညာသင်ကြားခဲ့သည့် ကျောင်းသားဟောင်းများက အငြိမ်းစားကျောင်းအုပ်ဆရာမကြီးဒေါ်လှကြည်နှင့်ကျောင်းအုပ်ဆရာ ဆရာမကြီးများ၊ အငြိမ်းစားဆရာ၊ဆရာမများအား(၁၃)ကြိမ်မြောက် အာစရိယ ပူဇော်ပွဲအဖြစ် ဇန်နဝါရီ ၂၈ရက်(တနင်္ဂနွေနေ့)မွန်းတည့်၁၂ နာရီတွင် အထက(၂) ရန်ကင်း ရှေ့ဆောင်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်း

အာစရိယ ပူဇော်ပွဲသို့ ကျောင်းသူကျောင်းသားဟောင်းများ တက်ရောက်ကြပါရန်နှင့် အလှူငွေများကို ဒေါ်ခင်မမစိုးကြည်(အထက-၂၊ ရန်ကင်း) ဖုန်း-၅၆၂၉၆၇၊ ဦးမြတ်ခိုင် (လျှပ်တစ်ပြက်ဂျာနယ်) ဖုန်း-၂၅၃၇၄၆၊ ၀၉-၉၈၂၇၀၉၈၊ ဒေါ်ခင်ခင်ကြူ (ဝင်းမောက်ပုံနှိပ်တိုက်နှင့် မျိုးမော်ကွန်ပျူတာ) ဖုန်း-၂၅၃၃၅၂၊ ဒေါ်အေးအေးစန်း (ဦးဖေသိန်းလျှပ်စစ်) ဖုန်း-၅၇၇၄၀၄၊ ၅၆၃၄၅၄၊ ဦးတင်မောင်ညွှန့် (ခင်မောင်ညွှန့်ထရေးဒင်း)၊ ဖုန်း-၀၉၅၀၃၀၅၀၈၊ကြည်သာ(ပွဲကြိုက်ခင်) ဖုန်း-၅၇၁၄၅၂၊ ၀၉၈၀ ၂၁၃၀၉၊ ကိုကြာရိုး(ဒါရိုက်တာ မိုးကြိုး) ဖုန်း-၇၀၉၆၅၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပေါင်းတည်အသင်း(ရန်ကုန်) နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဇန်နဝါရီ ၁၂

ပေါင်းတည်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့်ပညာရည်ချွန်ဆုပေးပွဲကို အလုံမြို့နယ် အလုံလမ်းနှင့် ကမ်းနားလမ်းဘက်ရှိ ပါဠိတက္ကသိုလ်ဇမ္ဗူရတနာကျောင်းဓမ္မာရုံ၌ ဇန်နဝါရီ၂၈ရက်(တနင်္ဂနွေနေ့)မွန်းတည့် ၁၂နာရီတွင် ကျင်းပမည်ဖြစ်သည်။

အခမ်းအနားတွင် အသက် ၇၄ နှစ်အထက် အသင်းဝင်များ၊ အသက် ၉၀ အထက် ဘိုးသက်ရှည် ဘွားသက်ရှည်များ၊ ၂၀၀၆ ခုနှစ်တွင် သူငယ်တန်းမှ နဝမတန်းအထိ ပထမ၊ ဒုတိယ၊ တတိယဆု ရရှိကြသူများ၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ကြသောအသင်းဝင်သားသမီးများ စာရင်းကို အထောက်အထားပြည့်စုံစွာဖြင့် ဥက္ကဋ္ဌ ဦးကျော်ဝင်း ဖုန်း-၆၆၇၆၃၀၊ ဒုတိယဥက္ကဋ္ဌ ဦးသောင်းလွင် ဖုန်း-၃၇၆၇၄၂၊ ဒုတိယ ဥက္ကဋ္ဌ ဦးလှစော ဖုန်း-၅၂၇၀၅၉၊ အတွင်းရေးမှူး ဦးမော်မြင့် ဖုန်း-၇၀၀၉၀၀ တို့သို့ ဇန်နဝါရီ၂၁ရက်နောက်ဆုံးထား ဆက်သွယ်ကြရန် အမှုဆောင်အဖွဲ့က နှိုးဆော်ထားကြောင်း သိရသည်။ **(၁၂၉)**

ဇန်နဝါရီ၆ရက်က အလက(၁) ပန်းဘဲတန်းတွင်ပညာရေးစုံညီပွဲတော် ကျင်းပရာ မြို့နယ်ဘာသာရပ်ထူးချွန်ပြိုင်ပွဲတွင် ဘာသာစုံထူးချွန်နှင့်အင်္ဂလိပ်စာ ဘာသာရပ် ပထမဆုရသူ အဋ္ဌမတန်းကျောင်းသူ မအေးသီတာအား ကျောင်းအုပ်ဆရာကြီး ဦးကျော်နိုင်က ဆုချီးမြှင့်စဉ်။ (က-ပ)

ရတနာပုံမြို့သစ်တည်ဆောက်ရေးစီမံကိန်းကြီးကြပ်မှုကော်မတီ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၂

ရတနာပုံမြို့သစ်တည်ဆောက်ရေးစီမံကိန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် ယနေ့နံနက်ပိုင်းက ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ကျင်းပသော ရတနာပုံမြို့သစ်တည်ဆောက်ရေး စီမံကိန်းကြီးကြပ်မှုကော်မတီ တတိယအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ ရတနာပုံမြို့သစ်တည်ဆောက်ရေး စီမံကိန်းကြီးကြပ်မှုကော်မတီဝင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်စိုးနှင့် ကော်မတီဝင် ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။

တင်ပြ

အခမ်းအနားတွင် ဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး အရည်အသွေးထိန်းသိမ်းရေးနှင့် အနီးကပ်ကြီးကြပ်ရေးကော်မတီ၊ လုပ်ငန်းစစ်ဆေးရေးကော်မတီ၊ လုပ်ငန်းပြီးစီးမှုနှင့် တန်ဖိုးစိစစ်ရေးကော်မတီများက လုပ်ငန်းဆောင်ရွက်မှုများကို တင်ပြကြသည်။ ဆက်လက်၍ သက်ဆိုင်ရာကော်မတီများက ရေရရှိရေးဆိုင်ရာများ၊ လျှပ်စစ်မီးရရှိရေးဆိုင်ရာများ၊ လျှိုပိတ်ဆည်တည်ဆောက်ရေးဆိုင်ရာများကို တင်ပြကြရာ တက်ရောက်သူများက ဖြည့်စွက်တင်ပြကြသည်။

ဆက်လက်၍ တာဝန်ခံများက အဆောက်အအုံအတွင်းပိုင်း ရေ၊ လျှပ်စစ်တပ်ဆင်ရေးဆိုင်ရာများကို တင်ပြကြသည်။

မှာကြား

ယင်းနောက် ဝန်ကြီးက အဖွဲ့ဝင်များ၏ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး လိုအပ်သည်များ မှာကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❐ **ကျောဖုံးမှ**

မြန်မာအသင်းက ခံစစ်အသွင်အနေအထားမှ တန်ပြန်တိုက်စစ်ဖြင့်ကစားရာ အခွင့်အရေးတစ်ကြိမ်ကို တစ်ဂိုးရအောင်သွင်းယူနိုင်၍ ဦးဆောင်မှုရရှိခဲ့သည်။ ဗိုလ်စွဲနိုင်သည်ဟု ရေပန်းစားနေသော ထိုင်းအသင်းသည် ဒုတိယပိုင်း၌ ချေပဂိုးရရှိရေး ခြေကုန်ထုတ်ကစားသော်လည်း ပွဲပြီးခါနီးအချိန်ပိုရောက်မှသာ ချေပဂိုးသွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

ခက်ခက်ခဲခဲကစားရ

ထိုင်းနှင့် မြန်မာပွဲကို ကွင်းလယ်ဒိုင်လူကြီးအဖြစ် ဂျပန်ဒိုင်လူကြီးက တာဝန်ယူဆောင်ရွက်ခဲ့ရာ ထိုင်းအသင်းကို ဥပဒေအတွင်းမှ မျက်နှာသာပေးမှုများရှိခဲ့၍ မြန်မာအသင်းမှ ကစားသမားများ ခက်ခက်ခဲခဲ ကစားခဲ့ပြီးမှ သရေ(တစ်မှတ်)ရရှိခဲ့ခြင်းဖြစ်သည်။ ပွဲစပြီး၃မိနစ်အကြာတွင် ထိုင်းသင်းက တိုက်စစ်ဆင်ထိုးဖောက်ကစားလာရာ မြန်မာအသင်းမှ ဂိုးသမားအောင်အောင်ဦး ဖမ်းသည့်ဘောလုံး လက်မှလွတ်ကျပြီး ပြန်ထွက်လာစဉ် ထပ်မံကန်သွင်းရာ ဂိုးတိုင်ဘေးမှ ကပ်ထွက်သွား၍ တစ်ဂိုးသက်သာခဲ့ရသည်။ ပွဲအစပိုင်းတွင် ထိုင်းအသင်းက အဆက်မပြတ်ဖိကစားနေရာ မြန်မာအသင်းနောက်တန်းလူများ အလူးအလဲ ဖျက်ထုတ်ကာကွယ်ခဲ့ရသည်။

မပါဝင်နိုင်

မြန်မာအသင်းသည် ရှေ့၌ ရန်ပိုင်တစ်ဦးတည်းကိုသာ အထောင်ထားပြီး ဇုန်ခံစစ်ဖြင့် တစ်သင်းလုံးဆင်းပြီး ပိတ်ဆို့ကစားသွားသည်။ မြန်မာ့လက်ရွေးစင်အသင်းခေါင်းဆောင် စိုးမြတ်မင်း မပါဝင်နိုင်၍ စိုးသီဟအောင်ကို အလယ်တန်း၌ ထည့်ကစားရာ ကွင်းလယ်ကစားကွက်မဖော်နိုင်ဘဲဖြစ်ခဲ့သည်။ ပထမပိုင်း ၁၅မိနစ်တွင် မြန်မာအသင်း၏ ပယ်နယ်တီဧရိယာအပြင်ဘက်၌ ထိုင်းအသင်း အလွတ်တည်ကန်ဘောရရှိရာ ခေါင်းတိုက် ဂိုးသွင်းသော်လည်း ဂိုးတိုင်ဘေးမှ ကပ်ထွက်သွားသည်။

မြန်မာအသင်းက တိုက်စစ်ပြန်ဆင်ရန် ကြိုးစားသော်လည်း ဘောလုံးအပေးအယူလုပ်ရာ၌ မတိကျ၍ ကစားကွက်အရာတွင် ထိုင်းအသင်းကို မယှဉ်နိုင်ဘဲရှိခဲ့သည်။ ပထမပိုင်းမိနစ်၂၀တွင် မြန်မာအသင်း၏ပယ်နယ်တီဧရိယာအပြင်ဘက်၌ ထိုင်းအသင်း အလွတ်တည်ကန်ဘော ထပ်မံရရှိရာ အလွတ်တည်ကန်ဘောမှတစ်ဆင့် တိုက်စစ်မှူး နာတီပေါင် ခေါင်းတိုက်သွင်းရာ ဂိုးတိုင်နှင့် ထိထွက်သွား၍ တစ်ဂိုးနစ်နာသွားခဲ့ရသည်။ ထိုင်းအသင်းသည် မြန်မာအသင်း၏ ပယ်နယ်တီဧရိယာအပြင်ဘက်၌ အလွတ်တည်ကန်ဘောအကြိမ်များစွာရရှိသော်လည်း ဂိုးရရှိအောင် တစ်ပုံစံတည်း ကြိုးစားနေ၍ မြန်မာနောက်တန်းနှင့် ဂိုးသမားတို့ကာကွယ်နိုင်ခဲ့သည်။

ဦးဆောင်ဂိုး

ထိုင်းအသင်း၏ အဆက်မပြတ်ထိုးဖောက်ကစားနေမှုကို မြန်မာအသင်း ခက်ခက်ခဲခဲကာကွယ်နေရသည့်ကြားမှ မထင်မှတ်ဘဲ ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည်။ ပွဲချိန်၂၅မိနစ်တွင် မြန်မာအသင်းမှ ညာနောက်ခံလူ မင်းသူ ဘောလုံးရရှိသွားပြီး ကွင်းလယ်ညာကြောမှ ထိုင်းဂိုးရှေ့သို့ အမြောက်ကန်ပို့ရာ ထိုင်းနောက်တန်းလူကြားမှ တိုက်စစ်မှူး စည်သူဝင်းက ခေါင်းတိုက်ဂိုးသွင်းယူနိုင်၍ ဦးဆောင်ဂိုးရရှိခဲ့ခြင်းဖြစ်သည်။ (မာဒေးကားဖလားဘောလုံးပြိုင်ပွဲ၌ မြန်မာနှင့် ထိုင်းတို့ နှစ်ဂိုးစီသရေပွဲဖြစ်ခဲ့ရာ မြန်မာအသင်းအတွက် တိုက်စစ်မှူး စည်သူဝင်းက နှစ်ဂိုးသွင်းယူပေးခဲ့ခြင်းဖြစ်သည်။)

မှင်သက်မိသွားခဲ့

ထိုင်းအသင်းသည် မမျှော်လင့်ဘဲ ဂိုးပေးလိုက်ရသဖြင့် တိုက်စစ်အားမြှင့်တင်ပြီး ချေပဂိုးရရှိရေး ကြိုးစားခဲ့သည်။ ထိုင်းအသင်း ဂိုးရလိုစိတ်များပြီး ထိုးဖောက်လာမှုကို မြန်မာအသင်းက တည်တည်ငြိမ်ငြိမ် ဖျက်ထုတ်ကာကွယ်နိုင်မှုကြောင့် ပထမပိုင်းအပြီးတွင် တစ်ဂိုးအသာဖြင့် ဦးဆောင်နိုင်ခဲ့သည်။ မြန်မာအသင်းမှ အောင်မြင့်အေးနှင့် စိုးသီဟအောင်တို့ အဝါကတ် အပြခံရပြီး အလွတ်တည်ကန်ဘောနှင့် ထောင့်ကန်ဘောများလည်း ပေးခဲ့ရသည်။ မြန်မာအသင်းသည် အခွင့်အရေးတစ်ကြိမ်ကို တစ်ဂိုးရအောင်သွင်းနိုင်ခဲ့ရာ အိမ်ရှင်ပရိသတ်များ မှင်သက်မိသွားခဲ့ရသည်။

နည်းဗျူဟာပြောင်း

ဒုတိယပိုင်းတွင် ထိုင်းအသင်းကစားအားကျသွားရာ မြန်မာအသင်း ကစားကွက်ဖော်ပြီး တိုက်စစ်ဆင်နိုင်ခဲ့သည်။ ထိုင်းအသင်းသည် ဝါရင့်တိုက်စစ်မှူး ကိုင်တီဆတ်ကို အားထားကစားသော်လည်း ဒုတိယပိုင်း၌ သက်လုံကျဆင်းနေရာ ထင်တိုင်းမပေါက်ဘဲဖြစ်ခဲ့ရသည်။ ဒုတိယပိုင်း၌ ထိုင်းအသင်းက နည်းဗျူဟာပြောင်းလဲပြီး မြန်မာအသင်းကို လူခေါ်ကစားကာ ဂိုးရအောင် ကြိုးစားလာခဲ့သည်။ ထိုင်းအသင်း၏ ဘယ်ညာတောင်ပံမှ ထိုးဖောက်တိုက်စစ်ဆင်မှု ထိရောက်သော်လည်း ယနေ့ပွဲ၌ အစွမ်းပြကစားနိုင်သည့် ဂိုးသမားအောင်အောင်ဦး၏ နေရာယူမှန်ကန်မှုနှင့် လျင်မြန်မှုတို့ကြောင့် ချေပဂိုးမရခဲ့ချေ။

လူစားလဲလိုက်ရ

ဂိုးသမားအောင်အောင်ဦးသည် ထိုင်းတိုက်စစ်မှူးများ၏ အကြိမ်ကြိမ် ကန်သွင်းမှုကို ကာကွယ်ဟန့်တားရင်း ပွဲချိန် ၅၅မိနစ်တွင် လက်ထိခိုက်ဒဏ်ရာရရှိသွား၍ အရန်ဂိုးသမား ကျော်ဇင်ထက်နှင့် လူစားလဲလိုက်ရသည်။ ထိုင်းအသင်းကစားအားကျချိန်တွင် မြန်မာအသင်း အချိုတ်အဆက်မိမိဖြင့် ထိုးဖောက်ကစားပြီး ဂိုးထပ်မံရရှိနိုင်သည့် အခြေအနေများ ဖြစ်ပေါ်ခဲ့သည်။ ထိုင်းအသင်းက အားကစားသမားနှစ်ဦးလဲလှယ်၍ တိုက်စစ်အားမြှင့်ကစားချိန်တွင် မြန်မာအသင်းက တိုက်စစ်မှူးစည်သူဝင်းအစား ကျော်ခိုင်ဝင်းကို လူစားလဲခဲ့သည်။ ဂျပန်ဒိုင်လူကြီးက လေလွင့်ချိန်များအတွက် အချိန်ပို၆မိနစ်တိတိ ပေးခဲ့ရာ အိမ်ရှင်အသင်းအတွက် ချေပဂိုးရရှိရန် အခွင့်သာစေခဲ့သည်။

ဂုဏ်သိက္ခာမြင့်မား

ထိုင်းအသင်းက အချိန်ပို၆မိနစ်အတွင်း ချေပဂိုးရရှိရေးအတွက် ထိုးဖောက်ကစားလာရာ အချိန်ပို၃မိနစ်တွင် ကျောနံပါတ်၁၄ ဆူချိုင်းဒူနမ်က မြန်မာဂိုးဧရိယာအတွင်းမှ အနီးကပ်ကန်သွင်းယူ၍ ချေပဂိုးရရှိခဲ့ခြင်းဖြစ်သည်။ ထိုင်းအသင်းသည် ကိုင်တီဆတ်၊ နာတီပေါင်၊ ဆူဝမ်၊ ဆူချိုင်းနှင့် ဆူတီးတို့အား လူငယ်ခြေတက်များဖြင့် ပွဲထွက်ကစားသော်လည်း သရေ(တစ်မှတ်)နှင့်သာ ကျေနပ်လိုက်ရသည်။ မြန်မာအသင်းသည် ပွဲချိန်တစ်လျှောက် ထိုင်းအသင်းကို ခြေရည်တူ မကစားနိုင်သော်လည်း အိမ်ရှင်ပရိသတ်ရှေ့မှောက်၌ ဦးဆောင်ဂိုးသွင်းယူပြီး သရေကစားနိုင်ခဲ့၍ ဂုဏ်သိက္ခာမြင့်မားခဲ့ရသည်။

သူတို့ပါဝင်ကစား

မြန်မာအသင်းတွင် **(ဂိုး)** အောင်အောင်ဦး (ကျော်ဇင်ထက်)၊ **(နောက်တန်း)** မင်းသူ၊ မိုးဝင်း၊ ဇော်လင်းထွန်း (အသင်းခေါင်းဆောင်)၊ ခင်မောင်လွင်၊ **(အလယ်တန်း)** ခင်မောင်ထွန်း၊ စိုးသီဟအောင်၊ အောင်မြင့်အေး၊ အောင်မျိုးသန့်၊ **(ရှေ့တန်း)** ရန်ပိုင်နှင့် စည်သူဝင်း (ကျော်ခိုင်ဝင်း)တို့ပါဝင် ကစားခဲ့ကြသည်။

မျှော်လင့်ချက်ထားနိုင်

ယနေ့ပွဲတွင် မြန်မာအသင်းမှ အောင်မြင့်အေး၊ စိုးသီဟအောင်နှင့် ခင်မောင်ထွန်းတို့ အဝါကတ်များပြခံရပြီး ထိုင်းအသင်းမှ ဆူချိုင်းအဝါကတ်ပြခံခဲ့ရသည်။ မြန်မာအသင်းသည် ပွဲဦးထွက်၌ ထိုင်းအသင်းကို သရေကစားနိုင်ခဲ့သဖြင့် တစ်မှတ်ရရှိပြီး အကြိုဗိုလ်လုပွဲတက်ရန်မျှော်လင့်ချက်ထားနိုင်သည့် အနေအထားပင်ဖြစ်သည်။ အုပ်စု(က)ပွဲစဉ်များကို ဇန်နဝါရီ ၁၄ရက်၌ ဆက်လက်ကျင်းပမည်ဖြစ်ရာ **ပထမပွဲအဖြစ် မလေးရှားအသင်းနှင့်မြန်မာအသင်း**၊ ဒုတိယပွဲအဖြစ် ထိုင်းအသင်းနှင့်ဖိလစ်ပိုင်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ယနေ့ပွဲသူတို့ယှဉ်ပြိုင်မည်

ဇန်နဝါရီ၁၃ရက်**(ယနေ့)** ညနေပိုင်းတွင် စင်ကာပူနိုင်ငံ၌ အုပ်စု(ခ) ပွဲစဉ်များကို စတင်ကျင်းပမည်ဖြစ်ရာ ပထမပွဲအဖြစ် မြန်မာစံတော်ချိန် ညနေ ၄နာရီတွင် အင်ဒိုနီးရှားအသင်းနှင့်လာအိုအသင်း၊ ဒုတိယပွဲအဖြစ် မြန်မာစံတော်ချိန် ညနေ၆နာရီခွဲတွင် စင်ကာပူအသင်းနှင့် ဗီယက်နမ်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

နှင်းဆီကုန်း ဘိုးဘွားရိပ်သာသို့ Cusson International Ltd.(England) မှ ထုတ်လုပ်သည့် ပစ္စည်းများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နှင်းဆီကုန်း ဘိုးဘွားရိပ်သာသို့ ကျပ်လေးသိန်းကျော်တန်ဖိုးရှိပစ္စည်းများလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၁၂

Excel Co.,Ltd.က နှင်းဆီကုန်း ဘိုးဘွားရိပ်သာသို့ ငွေကျပ်လေးသိန်းကျော်တန်ဖိုးရှိ Cusson International Ltd.(England)မှ ထုတ်လုပ်သော Imperial Leather Soap၊ Baby Product နှင့် Kids Soap ပစ္စည်းများ လှူဒါန်းပွဲကို အဆိုပါရိပ်သာ၌ ယမန်နေ့က ကျင်းပသည်။

ကာကွယ်ပေး

Cusson International Ltd. (England)မှ ထုတ်လုပ်သော ဆပ်ပြာများကို အသုံးပြုခြင်းဖြင့် လူကြီးများ၏ အသားအရေသည် ကလေးများ၏ အသားအရေကဲ့သို့ နူးညံ့လာနိုင်သည်။ Imperial Leather Soapသည် Pam Oilကို အသုံးပြုထားပြီး ရေမွှေးအစစ်ကိုထည့်သွင်းထားသဖြင့် အသားအရေကို နူးညံ့ချောမွတ်စေသည့်အပြင် Skin Disease ဖြစ်ခြင်းမှ ကာကွယ်ပေးသည်။

Cusson Baby Soapသည် Pro-vitamin B-5 ပါဝင်သောကြောင့် အသားအရေကို ပိုးမွှားများရန်မှ ကာကွယ်ပေးပြီး စိုပြေသောအသားအရေကို ပိုင်ဆိုင်စေသည်။ အလားတူ Cusson Baby Oil၊ Cusson Skin Lightening၊ (M) Lotion နှင့် Cusson Baby Powder တို့သည် အသားအရေ ခြောက်သွေ့မှုကာကွယ်ပေးခြင်း၊ အအေးဒဏ်ခံနိုင်၍ အသားမပတ်ခြင်း၊အသားအရေနူးညံ့စေခြင်း၊ အသား မပွန်းစေရန် ကာကွယ်ပေးခြင်း၊ အသားအရေ ယားယံမှုနှင့် ပွန်းပဲ့မှုကို ကာကွယ်ပေးခြင်းများ ဖြစ်ပေါ်စေသည်။

အထူးသင့်လျော်

Cusson Baby Shampoo၊ Cusson Baby Bath၊ Cusson Bady Cologne တို့ကိုလည်း ထုတ်လုပ်ထားရာ ထူးခြားသော အရည်အသွေးမြင့် ကုန်ပစ္စည်းများဖြစ်သဖြင့် လူကြီးလူငယ်မရွေး သုံးစွဲနိုင်ကြောင်း၊ ကလေးသုံးပစ္စည်းပင်ဖြစ်သော်လည်း လူကြီးများအတွက်လည်း အထူးသင့်လျော်ကြောင်း သိရသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၃-၁-၂၀၀၇
(စနေနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	ဘုရားရိပ်တရားရိပ်တရားတော် (ဓမ္မဒူတဒေါက်တာအရှင်ပညိဿရ)
၈း၁၀	တစ်ပတ်အတွင်းအားကစားသတင်း
၈း၂၅	တေးဂီတအစီအစဉ်
၈း၃၀	မျိုးဂုဏ်မြင့်စေမည့် မြန်မာ့ပန်းယွန်းပညာ
၈း၄၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၉း၁၀	ပြည်တွင်းသတင်းအကျဉ်း
၉း၂၀	"အဆင်းရောအချင်းပါပြည့်စုံတဲ့ မြစ်မင်းဧရာဝတီကို စုန်ဆင်းခြင်းခရီးတစ်ခေါက်"
၉း၅၀	တေးဂီတအစီအစဉ်
၉း၅၅	ကလေးတို့အတွက်လက်ဆောင် [ပိုက်ဆံအိတ်ခေါက်နည်းနှစ်မျိုး]
၁၀း၁၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၁၅	မိုးလေဝသခန့်မှန်းချက်
၁၀း၂၀	ဆီးချို၊သွေးချိုရောဂါဆိုင်ရာ လွဲမှားချက်များ (ဒေါက်တာတင့်ဆွေလတ်) အပိုင်း(၂)
၁၀း၄၀	တေးဂီတအစီအစဉ်
၁၀း၄၅	အနုပညာရပ်ဝန်းမှ ပွဲတင်သံများ အလောင်းမင်းတရားကြီး ဘဝဇာတ်ကြောင်း (Cartoon Animation ပြုလုပ်နေသည့် 4 Dimension Groupနှင့်တွေ့ဆုံခြင်း)
၁၁း၁၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၂၅	လေ့လာမှတ်သားစေရန် ဘောလုံးအားကစားအခြေခံ
၁၁း၄၅	တေးဂီတအစီအစဉ်
၁၁း၅၀	နိုင်ငံတကာအနုပညာရေးရာ
၁၂း၂၀	တေးဂီတအစီအစဉ်
၁၂း၂၅	တစ်ကွင်းတစ်စပ် မြစ်ရေတင်လုပ်ငန်းများ
၁၂း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၄၀	တေးဂီတအစီအစဉ်
၁၂း၄၅	ယနေ့သိပ္ပံနှင့်နည်းပညာ
၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါခြောက်နာရီစာ အစီအစဉ်များကို နံနက်၇နာရီမှ မွန်းလွဲ၁နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ၁နာရီမှ ည၇နာရီအထိတစ်ကြိမ်၊ ည၇နာရီမှ နံနက်၁နာရီအထိ တစ်ကြိမ်၊ နံနက်၁နာရီမှ နံနက်၇နာရီအထိတစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း ပွဲစဉ်		ပြသမည့်လိုင်း
၆း၀၀	ပွဲကြိုသုံးသပ်ချက်(၁)	5-Sports
၆း၃၀	ပွဲကြိုသုံးသပ်ချက်(၂)	5-Sports(Live)
၇း၁၀	Watford-Liverpool	5-Sports(Live)
၉း၂၅	Chelsea-Wigan	5-Sports(Live)
	Man Utd-Aston Villa	5-Series(Live)
	Bolton-Man City	5-Cartoon(Live)
၁၁း၄၀	Blackburn-Arsenal	5-Series(Live)
၁၂း၀၀	Westham-Fulham	5-Sports(SDD)

ဖတ်ကြား

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ကျောက်တံတားမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၌ ဇန်နဝါရီ ၄ရက်က ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွေးမြင့် ဖတ်ကြားစဉ်။ (က-ပ)

အကောင်းဆုံးသုတေသနစာတမ်းနှင့် ပိုစတာများ ဆုပေးပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၂

ကျန်းမာရေးဝန်ကြီးဌာနက ဦးစီးကျင်းပသည့် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ၌ တင်သွင်းဖတ်ကြားပြသခဲ့သည့် အကောင်းဆုံးသုတေသနစာတမ်းနှင့် အကောင်းဆုံးပိုစတာများ ဆုပေးပွဲအခမ်းအနားကို ယနေ့ညနေ ၃နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ် ဇီဝကလမ်းရှိ ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဖတ်ကြား

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး၏ အမှာစကားကို ကိုယ်စား ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်မင်းက ဖတ်ကြားသည်။

ဆုရှင်များကြေညာ

ဆက်လက်၍ မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံစာတမ်းဖတ်ပွဲ အကောင်းဆုံးစာတမ်းနှင့် ပိုစတာဆုများ ရွေးချယ်ရေးဆပ်ကော်မတီဥက္ကဋ္ဌ ပါမောက္ခ ဗိုလ်မှူးကြီးရဲသွေးက ဆုရွေးချယ်ခြင်းနှင့်စပ်လျဉ်း၍ တင်ပြပြီး အကောင်းဆုံးစာတမ်းရှင်များနှင့် အကောင်းဆုံးပိုစတာဆုရှင်များစာရင်းကို ကြေညာသည်။

ဆုချီးမြှင့်

ယင်းနောက် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်မင်းနှင့်ဆေးသုတေသနဦးစီးဌာန(အထက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းထွန်းတို့က အကောင်းဆုံး အခြေခံသုတေသနစာတမ်းရှင်များ၊ အကောင်းဆုံးလက်တွေ့အသုံးချ သုတေသနစာတမ်းရှင်များ၊ အကောင်းဆုံးကျန်းမာရေးစနစ် သုတေသနစာတမ်းရှင်များနှင့် Best Basic Research Paper၊ Applied Research Paper၊ Health System Research Papers စာတမ်းရှင်များနှင့် အကောင်းဆုံးပိုစတာ ဆုရှင်များကို ဆုများပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ငြိမ်းချမ်းရေးဆုလား၊ စွက်ဖက်ဆူပူရေးဆုလား

ပေါက်စ

အခုတလော ရှင်းနေတာကို ရှုပ်အောင် ရတ်ရတ် ရတ်ရတ်နဲ့ လုပ်ချင်ကြတဲ့ အသံတွေကို မကြားချင်ပေမယ့် ကြားနေရတာကလည်း ဘဝ ဘဝကပါလာတဲ့ ဝဋ်တစ်မျိုးပါကလားလို့ ပေါက်စ ကိုယ့်ကိုယ်တောင် သနားချင်သလို ဖြစ်လာသဗျ။

အဖြစ်ကတော့ ဒီလိုပါခင်ဗျ၊ ပေါက်စတို့နိုင်ငံမှာ နိုင်ငံတော်ရဲ့ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေမယ့်အန္တရာယ်က ကြိုတင်ကာကွယ်တဲ့ ဥပဒေပုဒ်မ(၁၀)အရ တားဆီးထိန်းသိမ်းထားတဲ့ အမျိုးသမီးကို လွှတ်ပေးဖို့ဆိုပြီး တောင်းဆိုနေကြတဲ့အပြင် အချို့အချို့သော နိုဘယ်လ်ဆုရှင်ဆိုတဲ့ ပုဂ္ဂိုလ်ကြီးများကလည်း မြန်မာနိုင်ငံကို လာရောက်ပြီး တောင်းဆိုဖို့အထိ အတင့်ရဲရဲနှင့် ခြေလှမ်းကျဲကျဲ စွက်ဖက်လာကြသဗျ။

အဲ-အကြောင်းပြချက်ကတော့ မြန်မာပြည်သူ ခုနစ်ရက်သားသမီးများအားလုံး သိတော်မူကြတဲ့အတိုင်း အပ်ကြောင်းထပ်ခတ်ပြားဟောင်းကြီးဖြစ်တဲ့ နိုဘယ်လ်ဆုရှင်အမျိုးသမီးကို တားမြစ်ကန့်သတ်ထားတာဟာ နိုင်ငံတကာ ငြိမ်းချမ်းရေးဆောင်ရွက်မှုကို ဟန့်တားနှောင့်ယှက်တာဖြစ်သလို၊ မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေး ကြိုးပမ်းဆောင်ရွက်မှုကို တားဆီးပိတ်ပင်ပြီး လူ့အခွင့်အရေးဆုံးရှုံးမှုဖြစ်လို့ မြန်မာအစိုးရက ကမ္ဘာ့ငြိမ်းချမ်းရေးနိုဘယ်လ်ဆုရှင် အမျိုးသမီးကို အမြန်ဆုံးလွှတ်ပေးဖို့ ဖြစ်သတဲ့ခင်ဗျာ။

မသိရင်ခက်မယ်လို့ ပေါက်စနူတ်က အလိုလိုမြည်တမ်း ရေရွတ်မိသဗျ။ ဘာလို့လဲဆိုတော့ ကမ္ဘာ့ငြိမ်းချမ်းရေးနိုဘယ်လ်ဆုဟာ ကမ္ဘာကြီး ငြိမ်းချမ်းသာယာ ဖွံ့ဖြိုးတိုးတက်အောင် စွမ်းဆောင်နိုင်ခဲ့သူတွေကို ထိုက်ထိုက်တန်တန် ပေးအပ်ချီးမြှင့်ခဲ့တဲ့ ငြိမ်းချမ်းရေးဆုကြီးဖြစ်တယ်ဗျ။ ပြောရမယ်ဆိုရင် စစ်အေးကာလမှာ ကမ္ဘာစစ်ကြီးမဖြစ်အောင် ကြိုးပမ်းတားဆီးခဲ့သူတွေသာ ရှိခဲ့သဗျာ။ ကမ္ဘာ့ကုလသမဂ္ဂအနေနဲ့ အဓိကနေရာမှာ ကြိုးပမ်းခဲ့တဲ့အတွက် အမှန်တကယ် ကမ္ဘာ့ငြိမ်းချမ်းရေးကို ကြိုးပမ်းခဲ့သူတွေပဲ ရရှိခဲ့ကြသလို နှစ်နိုင်ငံစစ်ဖြစ်နေတာကို ကြားကဝင်ရောက်ညှိနှိုင်းဖျန်ဖြေပေးပြီး ငြိမ်းချမ်းရေးရအောင် ဆောင်ရွက်ခဲ့ကြတဲ့ ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်တွေဟာ နှစ်ကြိမ်တိုင်တိုင် ထိုက်ထိုက်တန်တန် ရရှိခဲ့ကြတယ်ဗျာ။ အဲဒီကာလ၊ အဲဒီအခြေအနေမှာ ကမ္ဘာ့ငြိမ်းချမ်းရေးနိုဘယ်လ်ဆုကြီးဟာ နိုင်ငံတကာက လေးစားမြတ်နိုး တန်ဖိုးထားခဲ့တဲ့ဆုကြီး ဖြစ်ခဲ့သဗျ။

သို့သော်လည်းပေါ့ဗျာ၊ စစ်အေးကာလကြီး ပြီးဆုံးသွားတဲ့နောက်ပိုင်း ကာလတွေမှာတော့ ငြိမ်းချမ်းရေးနိုဘယ်လ်ဆုရဲ့ လေးစားမြတ်နိုးဖွယ်ရာ တန်ဖိုးတွေဟာ ကာလရွေ့လျောလာတာနဲ့အမျှ အနိစ္စသဘောနဲ့ ကိစ္စချောလာခဲ့သဗျ။ အနှစ်သာရအရလည်း ဘာကမှုမရှိခဲ့တော့ဘဲ နိုဘယ်လ်ဆုကို တီထွင်ခဲ့တဲ့ ဒေါက်တာ အဲလ်ဖရက်ဘားနတ်နိုဘယ်လ်(Dr.Alfred Bernard Nobel)ရဲ့ မူရင်း သေတမ်းစာ (Will)ပါ မှော်မှန်းချက်တွေနဲ့လည်း အရှေ့နဲ့အနောက်၊ တောင်နဲ့မြောက်လို ဆန့်ကျင်ကွဲလွဲနေတယ်ဗျာ။ ဒေါက်တာ အဲလ်ဖရက်သာ အသက်ထင်ရှားရှိနေခဲ့ရင် ဘယ့်ကလောက် ခံစားရမယ်ဆိုတာ ပေါက်စ မတွေးဝံ့၊ မတွေးရဲဘူးခင်ဗျာ။

အဲ-အဲ၊ ဒေါက်တာအဲလ်ဖရက်ဘားနတ်နိုဘယ်လ်ရဲ့ သေတမ်းစာမူရင်းပါကို ပေါက်စကောက်နုတ်ကူးယူဖော်ပြရရင် "One Part to the Person who shall have done the most or the best work for fraternity between nations for the abolition or reduction of standing armies and for the holding and promotion of peace congresses" လို့ ရေးထားသဗျ။ ဆိုလိုရင်း အဓိပ္ပာယ်ကတော့ **"ငြိမ်းချမ်းရေးဆုကို လက်ခံထိုက်တဲ့ ပုဂ္ဂိုလ်ဟာ နိုင်ငံအချင်းချင်း တစ်ဦးနဲ့တစ်ဦးကြား ချစ်ခင်ရင်းနှီးအောင် ချစ်ကြည်ရေး ဆောင်ရွက်နိုင်ခြင်း၊ လက်နက်ကိုင်တပ်ဖွဲ့များ ဖျက်သိမ်းခြင်းနှင့် လျှော့ချခြင်းလုပ်ငန်းတွေကို ဆောင်ရွက်နိုင်ခြင်း၊ ငြိမ်းချမ်းရေးကို ဆက်လက်ထိန်းသိမ်းထားရှိပြီး ရရှိပြီးဖြစ်တဲ့ ငြိမ်းချမ်းရေးကို ပိုမိုတိုးတက်လာအောင် ငြိမ်းချမ်းရေးညီလာခံတွေ ခေါ်ယူကျင်းပနိုင်ရေးလုပ်ငန်းတွေကို လုပ်ကိုင်ဆောင်ရွက်နိုင်တဲ့ ပုဂ္ဂိုလ်ဖြစ်ရမယ်"**တဲ့ဗျာ။

ကဲ-ဘယ်လိုလဲခင်ဗျာ၊ ပေါက်စတို့ မြန်မာနိုင်ငံက ငြိမ်းချမ်းရေးနိုဘယ်လ်ဆုရှင် အမျိုးသမီးရဲ့အရည်အချင်းနဲ့ ငြိမ်းချမ်းရေးနိုဘယ်လ်ဆုရဲ့ ရည်မှန်းချက်၊ စံနှုန်းသတ်မှတ်ချက်တွေနဲ့ ဘယ့်ကလောက်ညီညွတ်ပြည့်စုံမှု ရှိ မရှိဆိုတာ မုန့်တီဟင်းလို အကွင်းလိုက် ရှင်းရှင်းကြီး သိရ၊ မြင်ရပြီ မဟုတ်လားဗျာ။

အဲဒီအမျိုးသမီးဟာ ငြိမ်းချမ်းရေးနိုဘယ်လ်ဆုကို နိုင်ငံတကာ နယ်ချဲ့အုပ်စုရဲ့ ပယောဂအပူးအကပ်နဲ့ ရခဲ့တယ်ဆိုတာ မြန်မာပြည်သူ ခုနစ်ရက်သားသမီးများက သိထားကြတော့ အဲဒီနိုဘယ်လ်ဆုဆိုတာကြီးဟာ ဘယ်လိုမှ အထင်ကြီးစရာ၊ လေးစားစရာ မရှိခဲ့ဘူးဗျာ။

နိုဘယ်လ်ဆုရှင် အမျိုးသမီးအနေနဲ့ ကမ္ဘာ့ငြိမ်းချမ်းရေးရအောင် စွမ်းဆောင်ခဲ့တဲ့ မှတ်တမ်းမှတ်ရာတစ်လုံးမျှ သီကုံးဖွဲ့နွဲ့စရာ မရှိခဲ့တဲ့အပြင် မြန်မာနိုင်ငံရဲ့ တည်ငြိမ်အေးချမ်းနေတဲ့ အခြေအနေတွေကို ပျက်ပြားအောင် လှုံ့ဆော်ဖန်တီးလှုပ်ရှားခဲ့တဲ့ အနှောင့်အယှက်အဖျက်လုပ်ရပ်တွေကလည်း ပြောမကုန်အောင် တစ်ပုံတစ်ပင်ကြီး တွေ့ခဲ့ ကြုံခဲ့ မြင်ခဲ့ရတယ်ဗျာ။

ပြောစရာတွေ အများအပြားရှိခဲ့ပေမယ့် ပေါက်စနည်းနည်းပါးပါး သဘောလောက်ပဲ ထောက်ပြပါ့မယ်ခင်ဗျာ။ ၁၉၉၉ ခုနှစ်အတွင်းမှာ အမေရိကန်နဲ့ အပေါင်းပါနေတိုးအုပ်စုက ယူဂိုဆလားဗီးယားပြည်တွင်းရေးကို စစ်ရေးအရ ဝင်ရောက်ကျူးကျော်စွက်ဖက်ပြီး ဗုံးတွေကြဲနေတာကို မြန်မာနိုင်ငံက ငြိမ်းချမ်းရေးနိုဘယ်လ်ဆုရှင် အမျိုးသမီးက "အခုကြည့်ပါလား၊ ယူဂိုဆလပ်မှာ စစ်ဗိုလ်ချုပ်ကြီးတွေက တွေ့ဆုံဆွေးနွေးရေးကို လက်မခံလို့ ဗုံးတွေ ကြဲချနေတာ၊ ယူဂိုဆလပ်ပြည်သူတွေကတော့ သေကြဦးပေါ့"လို့ ကျေနပ်အားရ ထောက်ခံတဲ့လေသံနဲ့ မာန်ပါပါ ပြောခဲ့ ဆိုခဲ့သဗျ။ အဲဒီစကားရဲ့ ဆိုလိုရင်းအဓိပ္ပာယ်ကတော့ မြန်မာနိုင်ငံအစိုးရက သူနဲ့တွေ့ဆုံမဆွေးနွေးရင် မြန်မာနိုင်ငံလည်း ယူဂိုဆလပ်လို ဗုံးကြဲခံရမယ်လို့ နယ်ချဲ့အားကိုးနဲ့ ခြိမ်းခြောက်လိုက်တယ်ဆိုတာ မြန်မာပြည်သူခုနစ်ရက်သားသမီးများက နားလည်ပြီးသားဖြစ်သဗျ။

ရှိသေးသဗျ၊ ၁၉၉၅ ခုနှစ်မှာ ငြိမ်းချမ်းရေးနိုဘယ်လ်ဆုရှင်ဆိုသူ အမျိုးသမီးက ဘာတွေပြောခဲ့သလဲဆိုတော့ အစိုးရအနေနဲ့ သူနဲ့တွေ့ဆုံဆွေးနွေးမလား၊ လုံးဝဥဿုံပျက်စီးရေးကို ရွေးမလားဆိုပြီး ခြိမ်းခြောက်စိန်ခေါ်တဲ့အပြင် နိုင်ငံတော်ရဲ့ ညီညွတ်ရေး၊ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်နိုင်တဲ့ စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်ကြီး ထူထောင်ဖို့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲနိုင်အောင် ကျင်းပနေတဲ့ အမျိုးသားညီလာခံ ပျက်စီးရေးကိုလည်း လုပ်ခဲ့ကိုင်ခဲ့သဗျ။ နိုဘယ်လ်ငြိမ်းချမ်းရေးဆုရှင်ဆိုသူ အမျိုးသမီးဟာ ညီလာခံတက်ရောက်နေတဲ့ သူ့ရဲ့ NLD ပါတီကိုယ်စားလှယ်တွေကို ဝိစိမ့်ထုတ်ပြီး ခေါ်ထုတ်ခဲ့သဗျ။ အမျိုးသားညီလာခံ ပျက်စီးရာပျက်စီးကြောင်း ပုတ်ခတ်လှုံ့ဆော်ခဲ့သဗျ။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ဖြိုခွဲတဲ့ အကြမ်းဖက်သောင်းကျန်းသူတွေရဲ့ မဲသရောထကြေညာချက်ကိုလည်း အားပါးတရ ထောက်ခံခဲ့သဗျ။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေးရယူမှုကိုလည်း ပြက်ရယ်ပြုခဲ့ပါသဗျ။ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတွေ နိုင်ငံတော်အစိုးရနှင့် ငြိမ်းချမ်းရေးရယူမှုကို ပျက်ပြားစေရန် သပ်လျှိုသွေးခွဲခဲ့သေးသဗျ။ ဒါတင်မကဘဲ နိုင်ငံတကာက မြန်မာနိုင်ငံကို အကူအညီ၊ အထောက်အပံ့၊ အချေးအငှား၊ ရောင်းဝယ်ဆက်သွယ်မှု၊ ဝင်ထွက်သွားလာမှု မပြုကြဖို့ ပိတ်ပင်ဟန့်တား ကန့်ကွက်နှောင့်ယှက်ခဲ့တယ်ဗျာ။

အဲ-စကားလမ်းကြုံလို့ ပြောရရင် နိုဘယ်လ်ဆုရှင် NLD ပါတီခေါင်းဆောင်က ပါတီတွင်းဆွေးနွေးပွဲတစ်ခုမှာ ဘယ်လိုပြောခဲ့ဖူးသလဲဆိုတော့ အမေရိကန်အစိုးရအနေနဲ့ ဂျပန်နိုင်ငံမှာ ဒီမိုကရေစီဖြစ်ထွန်းအောင် ဒုတိယကမ္ဘာစစ်အတွင်းက ဟီရိုရှီးမားမြို့နဲ့ နာဂါဆာကီမြို့တွေကို အဏုမြူဗုံးကြဲခဲ့တာဖြစ်လို့ ကျေးဇူးတင်ဖို့ ကောင်းတယ်ဆိုပြီး ပြောဆိုခဲ့သဗျ။ ကမ္ဘာ့ငြိမ်းချမ်းရေးနဲ့ စစ်လက်နက်တွေ ဖျက်သိမ်းရေးကို အစဉ်တစိုက်တောင်းဆိုနေတဲ့ ကမ္ဘာ့ပြည်သူတွေရဲ့ ဆန္ဒနဲ့ မြန်မာနိုင်ငံက ငြိမ်းချမ်းရေးနိုဘယ်လ်ဆုရှင်ဆိုသူ NLD ပါတီခေါင်းဆောင်အမျိုးသမီးရဲ့ သဘောထားဟာ ရွှေဖလားနဲ့ အုန်းမှုတ်ခွက်လို ဆက်စပ်နှိုင်းယှဉ်လို့မရအောင် အခြားနားကြီး ခြားနားနေသဗျ။

အခုလိုတွေ နိုဘယ်လ်ဆုရှင် NLD ပါတီခေါင်းဆောင် အမျိုးသမီးဟာ သူရထားတဲ့ဘွဲ့နဲ့ သူနဲ့သိပ်ပြီး ကီးမကိုက် မလိုက်ဖက်ဘူးဆိုတာသိတော့ သူ့လိပ်ပြာ သူမလုံဘဲ မရဲတရဲ ဖွင့်ဟဝန်ခံတဲ့စကားကိုလည်း အိုးနင်းခွက်နင်းနဲ့ ပြောခဲ့ ဆိုခဲ့တာကတော့ "နိုဘယ်လ်ငြိမ်းချမ်းရေးဆု၊ ဒီဆုတွေကို ပြန်ပြီးစိစစ်လိုက်လို့ရှိရင် ကျွန်မကို ပုဂ္ဂိုလ်တစ်ယောက်အနေနဲ့ ပေးတာ မဟုတ်ပါဘူး။ ကျွန်မတို့ မြန်မာနိုင်ငံက ဒီမိုကရေစီလှုပ်ရှားမှုကို စာနာတယ်၊ ထောက်ထားတယ်၊ အားပေးတယ်ဆိုတာ ပြချင်လို့ ပေးတာဖြစ်ပါတယ်။ အဲဒီဟာကို ကျွန်မကိုပေးတာပါဆိုပြီးတော့ ထင်ရင် အများကြီး မှားသွားမယ်"တဲ့ ခင်ဗျာ။

အဲသလိုမျိုး ဖြောင်လိမ်ဖြောင်စား မလိမ့်တပတ်နဲ့ နှစ်ပေါက်တစ်ပေါက်ရိုက်တဲ့နေရာမှာ ပါရဂူမြောက်တယ်လို့ ဆိုရမှာပေါ့ခင်ဗျာ။ နိုဘယ်လ်ဆု ကော်မတီဥက္ကဋ္ဌ ဖရန်စစ်စီဂျာစတက် (Francis Sejersted) က နိုဘယ်လ်ဆုပေးတာနဲ့ပတ်သက်ပြီး ပုဂ္ဂိုလ်အရ ဆုပေးတာဖြစ်တယ်လို့ ကြေညာပေးခဲ့တာ လူသိထင်ရှား မဟုတ်လားဗျာ။ မသိတဲ့သူတွေအနေနဲ့ ဟုတ်နိုးနိုးထင်အောင် လုပ်လိုက်တာဖြစ်သဗျ။ ဒါကြောင့် တစ်ခုတော့မေးချင်တယ်ဗျာ။ အဲသလို ပုဂ္ဂိုလ်အရ ပေးတာ မဟုတ်ဘူးဆိုရင် ဘာလို့များ အမည်ရှေ့က နိုဘယ်လ်ဆုရှင်ဆိုပြီး နာမည်ကြီးအောင် ပြူးပြူးပြဲပြဲ ရေးနေ၊ ပြောနေရသလဲခင်ဗျာ။

ကဲ-ထားလိုက်ပါတော့ဗျာ။ ငြိမ်းချမ်းရေးနိုဘယ်လ်ဆုရှင် NLD ပါတီခေါင်းဆောင် အမျိုးသမီးအနေနဲ့ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက်လည်း ဘာကိုမှ မလုပ်ခဲ့သလို မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေးမှာလည်း တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင်၊ ပြည်သူတွေရဲ့ စားဝတ်နေရေးကျပ်တည်းပြီး ဆူပူအုံကြွမှုတွေဖြစ်လာအောင်၊ တိုင်းရင်းသားအချင်းချင်း သံသယဝင် အထင်လွဲမှားပြီး စည်းလုံးညီညွတ်မှု ပျက်ပြားအောင်၊ ပြည်ပအားကိုးနဲ့ မြန်မာနိုင်ငံနဲ့ မြန်မာလူမျိုးရဲ့ အကျိုးစီးပွားကို ပျက်စီးအောင် တစ်လျှောက်လုံး လုပ်ကိုင်လာခဲ့တာမို့ ရှင်းရှင်းပြောရရင် မြန်မာနိုင်ငံအတွက် အမျိုးသားအန္တရာယ်ပဲဖြစ်သဗျ။

ပြောမယ်ဆိုရင် အဲဒီအမျိုးသမီးဟာ ကမ္ဘာ့ငြိမ်းချမ်းရေးအကျိုးစီးပွားအတွက်လည်း မလုပ်တဲ့အပြင် မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းမှန်သမျှကို ပိတ်ပင်ဟန့်တားနှောင့်ယှက်ဖျက်ဆီးပြီး မြန်မာနိုင်ငံကို လက်ဝေခံ ဩဇာခံ ကျွန်လက်သစ်နိုင်ငံဖြစ်ဖို့အတွက် နယ်ချဲ့အုပ်စုအလိုကျ ပြောရဆိုရ၊ လုပ်ရ ကိုင်ရသူတစ်ဦးပဲဖြစ်သဗျ။ ဘာလို့လဲဆိုတော့ သူလုပ်သမျှကိုင်သမျှ၊ ပြောသမျှ ဆိုသမျှကို နယ်ချဲ့အုပ်စုကထောက်ခံပြီး မြန်မာနိုင်ငံမှာ အဲဒီအမျိုးသမီးက ရတ်ရတ် ရတ်ရတ်လုပ်တိုင်း နယ်ချဲ့အုပ်စုရဲ့ အဆောင်လက်ဖွဲ့ဖြစ်တဲ့ ဘွဲ့တစ်ခုခု၊ ဆုတစ်ခုခုကို အချိန်နဲ့တစ်ပြေးညီ ချီးမြှင့်ပေးအပ်ခဲ့တာ ဆုပေါင်း ၈၀ ကျော်တောင် ရှိနေတယ်ဗျာ။

စဉ်းစားကြည့်ကြပါဗျာ၊ ကမ္ဘာမှာ နိုင်ငံတကာပြည်သူတွေရဲ့ အကျိုးစီးပွားအတွက် အမှန်တကယ်စွမ်းဆောင်ခဲ့တဲ့ ကမ္ဘာ့နိုင်ငံရေးခေါင်းဆောင်ကြီးတွေ၊ သိပ္ပံပညာရှင်ကြီးတွေ၊ စာပေအနုပညာရှင်ကြီးတွေတောင် နိုဘယ်လ်ငြိမ်းချမ်းရေးဆုရှင်ဆိုသူ NLD ပါတီခေါင်းဆောင် အမျိုးသမီးလောက် ဘွဲ့ထူးဂုဏ်ထူးတွေ၊ ဆုတွေ မရသေးပါဘူးခင်ဗျာ။ အဲသလို ဘွဲ့တွေဆုတွေ တစ်ထောကြီးရနေတဲ့ NLD ပါတီခေါင်းဆောင် အမျိုးသမီးကို ဘွဲ့ထူးတွေ၊ ဆုတွေ ပေးအပ်ချီးမြှင့်နေတာဟာ ပေါက်စ နားလည်သလိုပြောရရင် နယ်ချဲ့အုပ်စုရဲ့ထောက်ပံ့ကြေးလို့ပဲ ပြောရမယ်ခင်ဗျ။

ဘာပဲပြောပြောပေါ့ဗျာ၊ အခုတလော ပြည်ပက နိုဘယ်လ်ဆုရှင်ဆိုသူ အချို့က မြန်မာနိုင်ငံမှ ငြိမ်းချမ်းရေးနိုဘယ်လ်ဆုရှင်ဆိုသူ NLD ပါတီခေါင်းဆောင် အမျိုးသမီးကို မြန်မာနိုင်ငံအစိုးရအနေနဲ့ လွှတ်ပေးဖို့ဆိုပြီး မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေးမှာ ဝင်ရောက်စွက်ဖက် ခြေရှုပ်နေကြသဗျ။ တစ်နည်းပြောရရင်လည်း ဂိုဏ်းတူလိုင်းတူ ဆရာတူ အုပ်စုရဲ့ အူကြောင်ကြားအသံပဲဖြစ်လို့ မလွှမ်းလောက်ပါဘူးခင်ဗျာ။

သို့သော်လည်းပေါ့ဗျာ၊ ပေါက်စ နားလည်ထားတာကတော့ **နိုဘယ်လ်ဆုတီထွင်ခဲ့သူ ဒေါက်တာအဲလ်ဖရက်က နိုင်ငံတကာ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မွန်မြတ်တဲ့ရည်ရွယ်ချက်နဲ့ နိုဘယ်လ်ဆုပေးဖို့သေတမ်းစာနဲ့ အတိအလင်းချမှတ်ခဲ့တာဖြစ်ပေမယ့် အချို့အချို့သော နိုဘယ်လ်ဆုရှင်တွေကတော့ နိုင်ငံတကာပြည်တွင်းရေးတွေမှာ နယ်ချဲ့အလိုကျ ဝင်ရောက်စွက်ဖက် ဆူပူရေးနဲ့ နိုင်ငံတကာပြည်တွင်းရေးတွေကို မငြိမ်မသက်ဖြစ်အောင် နိုဘယ်လ်ဆုဆိုတဲ့ အမောက်ကြီးတထောင်ထောင်နဲ့ ပြောင်ပြောင်တင်းတင်း လုပ်ကိုင်နေကြ**သဗျ။

ပေါက်စအနားသတ်ပြီး စကားဖြတ်ရရင် မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေးပြဿနာဖြစ်တဲ့ NLD ပါတီခေါင်းဆောင်အမျိုးသမီးကို ကန့်သတ်တားဆီးထားတာဟာ နိုင်ငံတည်ငြိမ်အေးချမ်းရေးနဲ့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေကို အနှောင့်အယှက် အဟန့်အတားကင်းကင်းနဲ့ တိုင်းရင်းသား ပြည်သူအားလုံး ညီညီညွတ်ညွတ်၊ တက်တက်ကြွကြွ၊ အေးအေးချမ်းချမ်း ဆောင်ရွက်နိုင်ဖို့ အခြေအနေနဲ့အချိန်ကာလအရ မလွဲသာ မရှောင်သာလုပ်ရတာပဲ ဖြစ်ပါတယ်ဗျာ။ အဲသလို အကြောင်းရင်းမြစ်အမှန်နဲ့ မြန်မာနိုင်ငံရဲ့ပြည်တွင်းရေးအခြေခံပြဿနာကို လေ့လာရမှန်း မသိဘဲ မြန်မာနိုင်ငံက နိုဘယ်လ်ဆုရှင်ဆိုသူ NLD ပါတီခေါင်းဆောင် အမျိုးသမီးကို လွှတ်ပေးပါဆိုပြီး ရတ်ရတ် ရတ်ရတ်လုပ်နေသူ နိုဘယ်လ်ဆုရှင်တွေအနေနဲ့ ကိုယ်ရထားတဲ့ဆုဟာ **"ငြိမ်းချမ်းရေးဆုလား၊ ဝင်ရောက်စွက်ဖက် ဆူပူရေးဆုလား"** ဆိုတာကို ကွဲကွဲပြားပြား၊ ခြားခြားနားနား ခံစားနားလည်ကြပါရဲ့လားလို့ ပေါက်စ စလောင်းမတပ်ဘဲ မောင်းခတ်ကြေညာပြီး မေးလိုက်ပါတယ်ခင်ဗျာ။ ။

နိုဘယ်လ်ဆုတီထွင်ခဲ့သူ ဒေါက်တာအဲလ်ဖရက်က နိုင်ငံတကာငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မွန်မြတ်တဲ့ရည်ရွယ်ချက်နဲ့ နိုဘယ်လ်ဆုပေးဖို့သေတမ်းစာနဲ့ အတိအလင်းချမှတ်ခဲ့တာဖြစ်ပေမယ့် အချို့အချို့သော နိုဘယ်လ်ဆုရှင်တွေကတော့ နိုင်ငံတကာပြည်တွင်းရေးတွေမှာ နယ်ချဲ့အလိုကျ ဝင်ရောက်စွက်ဖက် ဆူပူရေးနဲ့ နိုင်ငံတကာပြည်တွင်းရေးတွေကို မငြိမ်မသက်ဖြစ်အောင် နိုဘယ်လ်ဆုဆိုတဲ့ အမောက်ကြီး တထောင်ထောင်နဲ့ ပြောင်ပြောင်တင်းတင်း လုပ်ကိုင်နေကြ။

လှူဒါန်း

တောင်တွင်းကြီးမြို့နယ် အသင်း (ရန်ကုန်) အကြိမ် (၂၀) မြောက် သင်းလုံးကျွတ် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဒီဇင်ဘာ ၃၁ ရက်က ရွှေတိဂုံဘုရား တောင်ဘက်မုခ်အနီးရှိ သစ်လုပ်ငန်း ဓမ္မာရုံ၌ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးစိန်မောင်ထံ ဦးအောင်အောင် (ထူးချွန်စီးပွားရေးပညာအထောက်အကူပြုသင်တန်း)က အလှူငွေကျပ် ၁၀၇၀၀၀ ပေးအပ်လှူဒါန်းစဉ်။

(ဝ၄၆)

မန္တလေး ရွှေတံချောင်းရေနုတ်မြောင်း ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက် တံခွန်တိုင်တံတားမှ ကနောင်မင်းသားကြီးလမ်းအထိ နိုင်လွန်ကတ္တရာခင်း

ရန်ကုန် ဇန်နဝါရီ ၁၂

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်သည် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးခင်မောင်သန်းနှင့် အဖွဲ့ဝင်များ၊ မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးမောင်ပုနှင့် ဌာနမှူးများလိုက်ပါလျက် ဇန်နဝါရီ ၃ ရက် မွန်းတည့် ၁၂ နာရီက အောင်မြေသာစံမြို့နယ် ၈၆ လမ်းနှင့် ၃၅ လမ်းဆုံရှိ ရွှေတံချောင်းရေနုတ်မြောင်းသို့ ရောက်ရှိကြသည်။

ရှေးဦးစွာ တိုင်းမှူးအား မြို့တော်ဝန်က ရွှေတံချောင်းရေနုတ်မြောင်းအတွင်းသို့ ရေဆိုးများဝင်ရောက်စီးဆင်းနေမှုအခြေအနေ၊ ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်ထားရှိမှု အခြေအနေ၊ ရေနုတ်မြောင်းအတွင်း ပြိုကျနေသော အုတ်များ ပြန်လည်ပြုပြင်မည့် အခြေအနေ၊ ရေနုတ်မြောင်းပေါင် မြှင့်တင်မည့် အခြေအနေများကို အသေးစိတ်ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များ မှာကြားပြီး ရေနုတ်မြောင်း ဘယ်၊ ညာနှင့် ၃၅ လမ်းနှင့် ၃၇ လမ်းကြား လမ်းဘေး ဝဲယာရှိ လမ်းနယ်နိမိတ်အတွင်း ကျူးကျော်ဆောက်လုပ်ထားသည့် အဆောက်အအုံများကို မြို့တော်အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသပ်ရပ်ပြီး စနစ်တကျ ရှိစေရေး၊ အမြန်ဆုံး ပြုပြင်ဆောင်ရွက်သွားရေး တာဝန်ရှိသူများကို မှာကြားသည်။

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ဦးဆောင်၍ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်စံပြသားကောင်းမိခင်နှင့်ကလေးပြိုင်ပွဲကို အလုံမြို့နယ် ခန်းမ၌ ဇန်နဝါရီ ၄ ရက်က ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်အေးအေးယုက ဆုရရှိသူ ကလေးတစ်ဦးအား ဆုချီးမြှင့်စဉ်။

(က–ပ)

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ပြည်ကြီးတံခွန်မြို့နယ်ရှိ တံခွန်တိုင်တံတားမှ ကနောင်မင်းသားကြီးလမ်းအထိ လမ်းခင်းခြင်းဆောင်ရွက်နေသော ခြောက်လမ်းသွားလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းခွင်သို့ ရောက်ရှိပြီး လမ်းများနိုင်လွန်ကတ္တရာခင်းနေမှုကို အသေးစိတ်ကြည့်ရှုစစ်ဆေးစဉ်။ **(အပေါ်ပုံ)**

မှာကြား

ထို့နောက် လမ်းဘေး ဝဲယာရှိ လမ်းပခုံးများ ပလက်ဖောင်းခင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းအမြန်ဆုံးပြီးစီးရေး၊ သတ်မှတ်စံချိန်စံညွှန်းပြည့်မီရေးများ မှာကြားသည်။

ဆက်လက်၍ လမ်းဘေး ဝဲယာရှိ ရေနုတ်မြောင်းများအား ကြည့်ရှုစစ်ဆေးပြီး ရေစီးရေလာကောင်းမွန်ရေး၊ ရေမြောင်းအတွင်း အမှိုက်များ ပိတ်ဆို့မှုကြောင့် လမ်းကို ရေတိုက်စားပျက်စီးမှု မရှိစေရေးတို့ကို အသေးစိတ် မှာကြားသည်။

(သတင်းစဉ်)

ခုနစ်ဆူဘုရားနှင့် အောင်တော်မူစေတီတော် ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၂

ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ် ဥက္ကလာပစေတီတော်ရှေးဟောင်းခုနစ်ဆူဘုရားနှင့် အောင်တော်မူစေတီ၏ (၁၇)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို ဂေါပကအဖွဲ့က ကြီးမှူး၍ စည်ကားသိုက်မြိုက်စွာ ကျင်းပမည် ဖြစ်သည်။

အပူဇော်ခံမည်

ဇန်နဝါရီ ၂၀ ရက် (စနေနေ့) ညနေ ၄ နာရီတွင် နှစ်ကျိပ်ရှစ်ဆူမြတ်စွာဘုရားများ တောင်ဥက္ကလာပမြို့နယ် သစ္စာလမ်း တောင်ဘက်ခြမ်းရှိ ရပ်ကွက်များသို့ လည်းကောင်း၊ ဇန်နဝါရီ ၂၁ ရက် (တနင်္ဂနွေနေ့) ညနေတွင် သစ္စာလမ်းမြောက်ဘက်ခြမ်းရှိ ရပ်ကွက်များသို့ လည်းကောင်း ဒေသစာရီကြွချီ အပူဇော်ခံမည်ဖြစ်သည်။ ဇန်နဝါရီ ၂၅ ရက် နံနက် ၅ နာရီတွင် ဂေါပကအဖွဲ့က စေတီတော်ကြီးအား ဆွမ်းတော်ကြီး ကပ်လှူပူဇော်ပြီး ဩဝါဒါစရိယ ဆရာတော်ကြီးများက စေတီတော်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာ တင်မည်ဖြစ်သည်။ ဇန်နဝါရီ ၂၇ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် မဟာမုနိဓမ္မာရုံကြီး၌ မြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက် ၁၉ တိုက်၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း သုံးကျောင်းနှင့် သီလရှင်ကျောင်း တစ်ကျောင်းသို့ ဆွမ်းဆန်တော်လှူဒါန်းမည် ဖြစ်သည်။

ဆွမ်းဆန်စိမ်းလောင်းလှူ

ဇန်နဝါရီ ၂၈ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် စေတီတော်ရင်ပြင်၌ မြတ်စွာဘုရားနှင့် ရဟန္တာ ၁၀ ပါး၊ ဩဝါဒါစရိယဆရာတော် ရှစ်ပါး၊ ကျောင်းထိုင်ဆရာတော် ၁၆၄ ပါး၊ စုစုပေါင်း ၁၇၅ ပါးတို့အား မြို့နယ်လုံးဆိုင်ရာ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို စည်ကားသိုက်မြိုက်စွာကျင်းပပြီး ဇန်နဝါရီ ၃၁ ရက် (ဗုဒ္ဓဟူးနေ့) ည ၉ နာရီတွင် မဟာဒုက်ဘုရား ကံစမ်းမဲ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

(၂၀၀)



ဇန်နဝါရီ ၆ ရက်က သဃ်န်းကျွန်းမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၏ ပညာရေး စုံညီပွဲတော်ကို သပြေညိုခန်းမတွင် ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်နွဲ့နှင့် မိဘဆရာအသင်းမှ ဒေါ်နန့်သန်းသန်းဝင်း တို့က ကျောင်းသူကျောင်းသားလေးများနှင့် အတူ ကျောင်းမုခ်ဦးရှေ့တွင် ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (က–ပ)

သန့်ရှင်းသော သောက်သုံးရေရရှိရေး စက်ရေတွင်းများ လှူဒါန်းနိုင်

ရန်ကုန် ဇန်နဝါရီ ၁၂

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအောက်ရှိ စည်ပင်သာယာရေးအဖွဲ့များသည် ပြည်နယ်နှင့် တိုင်းများရှိ ရေရှားပါးသည့် ကျေးလက်ဒေသများ၌ သန့်ရှင်းသော သောက်သုံးရေဖူလုံစွာရရှိရေးကို ဆောင်ရွက်ပေးလျက်ရှိသည်။

လှူဒါန်းနိုင်

စက်ရေတွင်းလှူဒါန်းလိုသော စေတနာရှင်များအနေဖြင့် နှစ်လက်မစက်ရေတွင်း အနက်ပေ ၂၀၀ တစ်တွင်း စက်ပစ္စည်းစုံ ငွေကျပ် ၂၅၀၀၀၀၊ နှစ်လက်မ စက်ရေတွင်း အနက်ပေ ၄၀၀ တစ်တွင်း စက်ပစ္စည်းစုံငွေကျပ် ၅၀၀၀၀၀၊ လေးလက်မ စက်ရေတွင်း အနက်ပေ ၂၀၀ တစ်တွင်း စက်ပစ္စည်းစုံ ငွေကျပ် ၅၀၀၀၀၀ နှုန်းဖြင့် လှူဒါန်းနိုင်သည်။

ဆက်သွယ်နိုင်

စက်ရေတွင်းလှူဒါန်းလိုသူများသည် ညွှန်ကြားရေးမှူးချုပ် ဖုန်း–၀၆၇–၄၀၉၀၂၆၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဖုန်း–၀၆၇–၄၀၉၃၆၂၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (အင်ဂျင်နီယာ) ဖုန်း–၀၁–၂၉၁၉၆၇၊ ညွှန်ကြားရေးမှူး(ဘဏ္ဍာ)ဖုန်း– ၀၆၇–၄၀၉၄၀၇၊ ညွှန်ကြားရေးမှူး(စစ်ကိုင်းတိုင်းစည်ပင်သာယာရေးအဖွဲ့) ဖုန်း–၀၇၁–၂၂၇၆၀၊ညွှန်ကြားရေးမှူး(မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့) ဖုန်း–၀၆၃–၂၃၁၆၄၊ညွှန်ကြားရေးမှူး(မန္တလေးတိုင်းစည်ပင်သာယာရေးအဖွဲ့) ဖုန်း– ၀၂–၅၄၆၅၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

မူးယစ်ကင်းစင် အလှဆင်

ဇန်နဝါရီ ၉ ရက်က ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် စစ်ပင်တောင်ရပ်ကွက် ပညာအလင်းရောင် စာကြည့်တိုက်တွင် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက နယ်လှည့် စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေး ဟောပြောပွဲကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ယဉ်ယဉ်သွယ်၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးပြည့်ဖြိုးနှင့် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ယဉ်ယဉ်ထွေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ် ပြန်/ဆက်)

ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၀၇ ခုနှစ် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ဘွဲ့တံဆိပ်များချီးမြှင့်ခံရသော မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း၏ အသင်းဝင်များဖြစ်သော—

တစ်သက်တာစာပေဆုရ	**ဒေါ်စောမုံညင်း(နာယက)**	**သီရိသုဓမ္မသင်္ဂီ**	**ဒေါ်အုန်းကြင်**
အဂ္ဂမဟာသီရိသုဓမ္မသင်္ဂီ	**ဒေါ်ခင်မြင့်မြင့်(ဥက္ကဋ္ဌ)**	**သီရိသုဓမ္မသင်္ဂီ**	**ဒေါ်ဝင်းဝင်းရွှေ(မငယ်)**
အဂ္ဂမဟာသီရိသုဓမ္မသင်္ဂီ	**ဒေါ်အေးမြတ်နွယ်**	**သီရိသုဓမ္မသင်္ဂီ**	**ဒေါ်ရွှေညွန့်**
အဂ္ဂမဟာသီရိသုဓမ္မသင်္ဂီ	**ဒေါ်ဝင်းဝင်းအေး(မကြီး)**	**သုဓမ္မသင်္ဂီ**	**ဒေါ်ခင်ကြူကြူသန်း(ပြည်မြို့)**

တို့အတွက် လှိုက်လှိုက်လှဲလှဲ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

မြန်မာအမျိုးသမီး စီးပွားရေး စွမ်းဆောင်ရှင်များအသင်း။

" သီရိသုဓမ္မသင်္ဂီ " ဒေါ်မြရှင်

ပြည်ထောင်စုမြန်မာနိုင်ငံတော် အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၀၇)ဖြင့် **ဒေါ်မြရှင်** ပုလဲရတနာရောင်းဝယ်ရေးအား သာသနာတော်ဆိုင်ရာ **"သီရိသုဓမ္မသင်္ဂီ"**ဘွဲ့ကို ထိုက်ထိုက်တန်တန် ချီးမြှင့်အပ်နှင်းခြင်းခံယူရရှိသည့်အတွက် မိသားစုနှင့်ထပ်တူ လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူမိပါသည်။ နောင်တွင်လည်း သက်ရှည် ကျန်းမာချမ်းသာစွာဖြင့် နိုင်ငံတော်အကျိုး၊ သာသနာတော်အကျိုးတို့ကို ဆတက်ထမ်းပိုးသယ်ပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် ဂုဏ်ပြုလိုက်ပါသည်။

ချစ်သူငယ်ချင်းများ

ရန်ကုန်မြို့။

ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၀၇)ဖြင့် **သီရိသုဓမ္မမဏိဇောတဓရ"ဒေါက်တာမိုးတင်"**အား သာသနာနုဂ္ဂဟဘွဲ့ ပထမဆင့်ဖြစ်သည့် **အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ** ဘွဲ့တံဆိပ်တော် ချီးမြှင့်ခြင်းခံရသည့်အတွက် မိသားစုအနေဖြင့် ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် နိုင်ငံအကျိုး၊ သာသနာတော်အကျိုးကို ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဦးဟန်တင်၊ ရန်ကုန်ပညာရေးတက္ကသိုလ်ပါမောက္ခချုပ်(ငြိမ်း)
(ပါမောက္ခဒေါက်တာဒေါ်ခင်လှဝင်း)
ဒုတိယဗိုလ်ချုပ်ကြီးတင်လှ(ငြိမ်း) ဇနီး ဒေါ်ဝင်းကြည်နှင့် မိုးမခမိသားစု။

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့ အခြေခံပညာအထက်တန်းကျောင်း နဝမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၂၀၀၆ခုနှစ် ဒီဇင်ဘာ၃၁ရက်ကယင်းကျောင်းတိုက် လှိုင်ရတနာခန်းမတွင်ကျင်းပရာ ကျောင်းသူကျောင်းသားဟောင်းများက ဆရာ ဆရာမများအား ပူဇော်ကန်တော့ကြစဉ်။ (မြို့နယ်ပြန်/ဆက်)

သံယုတ်ပါဠိတော် မြန်မာပြန်သင်တန်းပို့ချမည်

ရန်ကုန် ဇန်နဝါရီ ၁၂

ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ မင်္ဂလာဗျူဟာ အသင်းချုပ်တွင် သံယုတ်ပါဠိတော် (မြန်မာပြန်) သင်တန်းကို ဇန်နဝါရီ၁၃ရက် (စနေနေ့) နံနက်၁၁နာရီခွဲမှ မွန်းလွဲ ၂နာရီအထိ ဖွင့်လှစ်၍ ဆရာ ဆရာမများက အပတ်စဉ် (စနေ၊တနင်္ဂနွေ)နေ့တိုင်း ပို့ချမည်ဖြစ်ရာ မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။ **(၃၅၂)**

အလယ်တန်းကျောင်းခွဲ ရှာင်မြို့၌ ဖွင့်လှစ်

ရန်ကုန် ဇန်နဝါရီ ၁၂

ရှမ်းပြည်နယ်(တောင်ပိုင်း) ရှာင်မြို့နယ် သိမ်ကုန်းကျေးရွာအုပ်စု အင်းကြီး(မ)ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းမှ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) အဆင့်တိုးမြှင့် ဖွင့်လှစ်ပွဲအခမ်းအနားကို ၂၀၀၆ခုနှစ် ဒီဇင်ဘာ ၂၁ရက် နံနက်၁၀နာရီက အဆိုပါကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်နယ်ပညာရေးမှူး (စစ်ဆေးရေး) ဒေါ်ဂျာနန်နှင့် မြို့နယ်ပညာရေးဝန်ထမ်းများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိ ပုဂ္ဂိုလ်များ၊ ပြည်ခိုင်ဖြိုးအသင်းဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ကျေးရွာအုပ်စုမှ ကျေးရွာသူ ကျေးရွာသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ပညာရေးမှူးနှင့် မြို့နယ်ဥက္ကဋ္ဌတို့မှ အလက(ခွဲ)ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး အင်းကြီးကျေးရွာ အလက(ခွဲ) ကျောင်းအုပ်ဆရာမကြီးဒေါ်မြိုးကြည်နှင့်ကျေးရွာဥက္ကဋ္ဌဦးခင်မောင်မြင့်တို့က ကျေးဇူးတင်စကားပြောကြား၍ ကျောင်းသားကျောင်းသူများက ကပြဖျော်ဖြေကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ဓာတ်ပုံပညာနှင့်သတင်းစာပေပြုစုရေးသားခြင်းသင်တန်းဆင်း

ရန်ကုန် ဇန်နဝါရီ ၁၂

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ဓာတ်ပုံပညာသင်တန်း ၁/၂၀၀၆နှင့် သတင်းဆောင်းပါးနှင့် စာပေပြုစုရေးသားခြင်းသင်တန်း ၂/၂၀၀၆ ဆင်းပွဲကို ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ဇန်နဝါရီ ၁၀ရက် နံနက် ၁၀နာရီက ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနညွှန်ကြားရေးမှူး ဦးမောင်ဖေက သင်တန်းဆင်းအမှာစကား ပြောကြားသည်။

ထို့နောက် ဓာတ်ပုံပညာသင်တန်းနှင့် သတင်းဆောင်းပါးနှင့်စာပေပြုစုရေးသားခြင်း သင်တန်းတို့တွင် ထူးချွန်ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများ အသီးသီးပေးအပ်ကြသည်။

ယင်းသင်တန်းသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သင်တန်းသား သင်တန်းသူ ၂၀တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရွှေမြင့်မိုရ်ကျောင်းတိုက် မိုးကုတ်ဓမ္မသဘင်

ရန်ကုန် ဇန်နဝါရီ ၁၂

မိုးကုတ် ဝိပဿနာ အဖွဲ့ချုပ်မှ ဓမ္မကထိက ရွှေမြင့်မိုရ်ကျောင်းတိုက် ပဓာနနာယက ဆရာတော်ဗဟုဇနဟိတဓရ ဘဒ္ဒန္တသောဘဏ (ဒီဃနိကာယကောဝိဒ သာသနဓဇ သီရိပဝရ၊ ဓမ္မာစရိယ)သည် တောင်ဥက္ကလာပမြို့နယ် (၅) ရပ်ကွက် ပါရမီလမ်းရှိ ရွှေမြင့်မိုရ်ကျောင်းတိုက်၌ ဇန်နဝါရီ ၁၈ရက်မှ ၂၇ ရက်အထိ မိုးကုတ် ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားပြသမည်ဖြစ်သည်။ ယောဂီများအနေဖြင့် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း–၀၁–၅၇၁၂၅၈သို့ဖြစ်စေ ဇန်နဝါရီ၁၅ရက်နောက်ဆုံးထား စာရင်းပေးနိုင်ကြောင်း သိရသည်။ **(က–ပ)**

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၈)ရပ်ကွက် ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပွဲကို ဗိုလ်စောနောင်လမ်း၌ ဇန်နဝါရီ၇ရက်က ပြုလုပ်ရာ မြို့နယ်ဥက္ကဋ္ဌ ဦးတင့်ကျော်လွင်နှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးတို့ ကြည့်ရှုအားပေးကြစဉ်။ (က–ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၃–၁–၂၀၀၇ ရက်
(စနေနေ့)
နံနက်ပိုင်း

၇:၀၀	၁။	ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇:၅၀	၅။	အကပြိုင်ပွဲ
၈:၀၀	၆။	တေးဂီတအစီအစဉ်
၈:၁၀	၇။	မိုးယွန်းကြီးရေထိန်းတံခါး
၈:၁၅	၈။	အတီးပြိုင်ပွဲ
၈:၃၀	၉။	International News
၈:၄၅	၁၀။	Grammar made Easy
၉:၀၀	၁၁။	အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀	၁။	စစ်သည်တေး
၁၁:၁၅	၂။	တေးဂီတအစီအစဉ်
၁၁:၃၀	၃။	ပြည်တွင်းသတင်း
၁၁:၄၀	၄။	ချစ်စရာ့အရွယ်ကစားကြမယ်
၁၂:၀၅	၅။	ကြားမြင်သုတ ပြည့်ဝစေရာ စာပဒေသာ
၁၂:၁၅	၆။	**"တို့တစ်ရွာလုံး ချမ်းသာပြီ"** ဆန်းထွဋ်၊ အကယ်ဒမီဇော်ဦး၊ မိုးဒီ၊ ငွေတောင်၊ သူသူဟံသာ၊ တက္ကသိုလ်ဂွမ်းပုံ (ဒါရိုက်တာ–တင်အောင်ရွှေ–သုတေသီ)
၁၂:၅၀	၇။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၃:၁၀	၈။	အဆိုပြိုင်ပွဲ
၁၃:၂၅	၉။	ယူးချောင်းတံတား
၁၃:၄၀	၁၀။	အတီးပြိုင်ပွဲ
၁၃:၅၅	၁၁။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၄:၁၅	၁၂။	**"အလျော်အစား"** ဇင်ဝိုင်း၊ ငွေစင်သွန်း၊ ခင်သန်းနွယ် (ဒါရိုက်တာ–ကျော်ဇောလင်း)
၁၄:၃၀	၁၃။	သုံးဆယ်ရေလှောင်တမံ
၁၄:၄၅	၁၄။	International News
၁၅:၀၀	၁၅။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	English for Everyday Use
၁၆:၄၅	၄။	မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၁၆:၅၅	၅။	အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(ရုက္ခဗေဒအထူးပြု) [ရုက္ခဗေဒ]
၁၇:၁၀	၆။	တေးဂီတအစီအစဉ်
၁၇:၂၀	၇။	မြင်းခြံစိန်ဗဒင်းဆိုင်းအဖွဲ့ ဖျော်ဖြေခန်း
၁၇:၃၅	၈။	ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
၁၈:၀၀	၉။	ညနေခင်းသတင်း
၁၈:၃၀	၁၀။	မိုးလေဝသအခြေအနေ
၁၈:၃၅	၁၁။	အလှရှာမယ် လှကမ္ဘာဝယ်
၁၉:၀၀	၁၂။	အစဉ်အလာကောင်းမည့်လှိုင်းချောင်းတမံ
၁၉:၁၀	၁၃။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ကြယ်ကြွေရင်ခုန်သံ"** (အပိုင်း–၁၁)
၂၀:၀၀	၁၄။	ပြည်တွင်းသတင်း
	၁၅။	နိုင်ငံတကာသတင်းများ
	၁၆။	မိုးလေဝသအခြေအနေ
	၁၇။	နိုင်ငံခြားဇာတ်လမ်းတွဲ **"လှပသောနေ့ရက်များ"** (အပိုင်း–၁၅)
	၁၈။	နောက်တစ်နေ့အစီအစဉ်
	၁၉။	အစီအစဉ်ပြီး၏။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့နေ
သီရိသုဓမ္မမဏိဇောတဓရ (ဦးပွင့်ကောင်း)–အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်နွဲ့ရီနှင့်
ဗိုလ်မှူးမောင်မောင်(ငြိမ်း)သစ္စာရှင်–(ဒေါ်သန်းသန်း)တို့၏မြေး၊
ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ လှည်းတန်းလမ်း၊ အမှတ် ၄၃ နေ
(ဦးဇေယျာပွင့်) Director, Shwe Pu Zun Co.,Ltd.–ဒေါ်မူမူမောင်(Golden Dried Prawn Co.,Ltd.
တို့၏သား

မောင်ဟန်ပွင့်နိုင်

Bachelor of Business Studies (YIE),
Certificate in Marketing Management (NCC) UK
L.C.C.I (II) (NCC)UK, Golden Dried Prawn Co., Ltd.

နှင့်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ သာယာရွှေပြည်ရိပ်မွန်၊ ခြံအမှတ်(၇)နေ
ရဲမှူးကြီးဘကြည် (ပြည်နယ်ရဲတပ်ဖွဲ့မှူး၊ ရခိုင်ပြည်နယ်)–ဒေါ်အေးအေးသန်း(မြတ်ဆုပန်ရတနာဆိုင်)
(Gems Museum) တို့၏သမီး

မနန်းစုစုကြည်

Bachelor of Business Studies (YIE), B.A (Eco)

တို့သည် ၉–၁–၂၀၀၇ရက် (အင်္ဂါနေ့)တွင် စစ်တွေမြို့ စစ်တွေဟိုတယ်ခန်းမ၌ နှစ်ဖက်သော မိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိလူကြီးမင်းများ၏ ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဟန်ပွင့်နိုင်–မနန်းစုစုကြည်။

အမြန်ရောင်းမည်

တစ်ထပ်တိုက် (၃၂ပေ x ၄၅ပေ)
မြေ (ပေ ၈၀ x ပေ ၁၂၀) နှစ် ၆၀ ဂရန်၊
အမှတ် ၂၃၊ အောင်ဇေယျ ၈လမ်း၊ ရန်ကုန်သစ်၊ သုဝဏ္ဏ။
ဆက်သွယ်ရန် ဖုန်း – ၃၈၉၉၉၁။

ကုန်စည်ပြပွဲကျင်းပမည်

ရန်ကုန်မြို့ ၂၉–၁–၂၀၀၇ မှ ၂၉–၁–၂၀၀၇ အထိ
ကလေးမြို့ ၂–၂–၂၀၀၇ မှ ၆–၂–၂၀၀၇ အထိ
မော်လမြိုင်မြို့ ၁၀–၂–၂၀၀၇ မှ ၁၄–၂–၂၀၀၇ အထိ

မော်တော်ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂က/၉၀၉၀ Toyota Celico S/L ယာဉ်လက်ဝယ်ရှိသူအမည် ဒေါ်ခင်သန်းအေး(ခ)ဒေါ်ဘေဘီကွမ်း မှတ်ပုံတင်အမှတ် ၁၂/လသန(နိုင်)၀၁၄၃၂၀က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)ရုံး၊ရန်ကုန်မြို့။**

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးနေဝင်း၏နိုင်ငံကူးလက်မှတ် အမှတ်–၂၁၃၉၂၂ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဦးနေဝင်း ဖုန်း–၇၂၁၈၄၈။

လှိုက်လှိုက်လှဲလှဲဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၀၇)ဖြင့် နိုင်ငံတော်က ချီးမြှင့်သည့် သာသနာတော်ဆိုင်ရာ **သီရိသုဓမ္မသိင်္ဂီ** ဘွဲ့တံဆိပ်တော်ကို သီရိသုဓမ္မမဏိဇောတဓရ ဦးထွန်းလင်း၏ ဇနီး **ဒေါ်ရင်ရင်စိုး (ဒါရိုက်တာ ရင်လင်းဟန်လီမိတက်)** အား ထိုက်တန်စွာချီးမြှင့်သည့်အတွက် လှိုက်လှိုက်လှဲလှဲ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံတော်နှင့် သာသနာတော်အကျိုးကို ဆက်လက်ထမ်းရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

Asia Business Star Co., Ltd.

လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၀၇)ဖြင့် နိုင်ငံတော်က ထိုက်တန်စွာ ဂုဏ်ပြုချီးမြှင့်သည့် သာသနာတော်ဆိုင်ရာ **အဂ္ဂမဟာ သီရိသုဓမ္မမဏိဇောတဓရ** ဘွဲ့တံဆိပ်တော် ထပ်ဆင့်ချီးမြှင့်ခြင်းခံရသော **သီရိသုဓမ္မမဏိဇောတဓရ ဆရာကြီးဦးဉာဏ်လွင်** (ဥက္ကဋ္ဌ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(ဗဟို) မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဝင်၊ အငြိမ်းစားညွှန်ကြားရေးမှူး) အတွက် အထူးလှိုက်လှဲဝမ်းမြောက် ဂုဏ်ယူမိပါကြောင်းနှင့် အသက်ရာကျော်ရှည်၍ စိတ်ချမ်းသာ ကိုယ်ကျန်းမာစွာဖြင့် နိုင်ငံတော်အကျိုး သာသနာတော်အကျိုးနှင့် လူသားတို့၏ ကျန်းမာရေးအတွက် **အန်တီ ဒေါ်ရွှေရွှေ (ရွှေဘုရင်ဆေးတိုက်)** နှင့်အတူ ဆက်လက်ထမ်းရွက်ဆောင်ရွက်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာများ ပို့သအပ်ပါသည်။

သီရိသုဓမ္မမဏိဇောတဓရ ဦးထွန်းလင်း
သီရိသုဓမ္မသိင်္ဂီ ဒေါ်ရင်ရင်စိုး

လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၀၇)ဖြင့် နိုင်ငံတော်က ထိုက်တန်စွာ ဂုဏ်ပြုချီးမြှင့်သည့် သာသနာတော်ဆိုင်ရာ **သီရိသုဓမ္မသိင်္ဂီ** ဘွဲ့တံဆိပ်တော် ချီးမြှင့်ခြင်းခံရသော သီရိသုဓမ္မမဏိဇောတဓရ ဦးထွန်းလင်း၏ ဇနီး **ဒေါ်ရင်ရင်စိုး (ဒါရိုက်တာ ရင်လင်းဟန်လီမိတက်)** အတွက် ဝမ်းမြောက်ဝမ်းသာ ဂုဏ်ယူမိပါကြောင်းနှင့် အသက်ရာကျော်ရှည်၍ စိတ်ချမ်းသာ ကိုယ်ကျန်းမာစွာဖြင့် နိုင်ငံတော်နှင့် သာသနာတော်အကျိုး၊ လူသားကောင်းကျိုးများကို မိသားစုနှင့်အတူ ဆက်လက်ထမ်းရွက် ဆောင်ရွက်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာများ ပို့သအပ်ပါသည်။

ရင်လင်းဟန်လီမိတက် မိသားစု

KMD Computer Centre (ရွှေဂုံတိုင်)

အခြေခံမှစ၍ နိုင်ငံတကာအဆင့်ထိ ကွန်ပျူတာပညာရပ်များ သင်ကြားတတ်မြောက်လိုလျှင် KMD နှင့်ဆက်သွယ်ပါ

:: i-Office :: Graphics Design :: Desktop Publishing :: Email & Web Design :: Advanced Excel :: Multimedia Creation :: Basic SE :: Advanced SE :: Software Engineering :: Software Engineering in Database & E-Commerce :: LCCI Courses :: Networking Courses

မလေးရှားနိုင်ငံတွင်အလုပ်လုပ်ရန်

(1) Logomas Paking Sdn. Bhd.
(2) Alcenco Sdn. Bhd.
(3) Maxi Maxipower Engineering Sdn. Bhd.
(4) Unique Capability Sdn. Bhd.
(5) Apex-Pal Malaysia Sdn. Bhd.
(6) Catalyst Develop Sdn. Bhd.

သုခစစ် ပြည်ပအလုပ်အကိုင်ရှာဖွေရေးကုမ္ပဏီ

Tel : 386877, 253298, 385758, 392233

BLAZE

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

တောင်ဥက္ကလာပမြို့နယ်၊ (၆) ရပ်ကွက်၊ ကုန်းဘောင် ၁၆လမ်း၊ ပေ ၄၀ x ပေ ၆၀၊ မြေသီးသန့်၊ မီး၊ ဂရန်။ **ဖုန်း–၀၉–၈၀–၂၂၇၇၂။**

မီးကြွင်းမီးကျန်မရှိရန်ကျင့်ကြံသတိအမြဲရှိ

အလုံမြို့နယ် မီးသတ်ဦးစီးဌာနက မီးဘေးကြိုတင်ကာကွယ်ရေး စီမံချက်အရ မီးသတ်ကားဝင်ရန် ခက်ခဲသော သစ်တောရပ်ကွက်အတွင်းရှိ နေအိမ်များအား တစ်အိမ်တက်ဆင်း မီးစစ်ဆေးရေး၊ ရေလုံလောက်အောင်ရရှိရေးတို့ကို မြို့နယ်မီးသတ်ဦးစီးဌာနမှူး ရဲသူရိန်ဌေးဝင်းနှင့် အရန် မီးသတ်တပ်ဖွဲ့ဝင်များ ဇန်နဝါရီ ၇ရက်က စစ်ဆေးစဉ်။ (က–ပ)

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ဦးစိုးကြည် ၁၃/နစန(နိုင်)၀၀၈၆၂၆နှင့် ဒေါ်ခင်ကြွယ် ၁၃/နစန(နိုင်)၀၀၈၆၂၇တို့၏သား မောင်ထက်နိုင်(ခ) မောင်ထက်နိုင်စိုး ၁၃/လလန(နိုင်)၀၇၀၄၀၁ သည် မိဘတို့၏ ဆိုဆုံးမမှုကိုမနာခံဘဲ မိမိသဘောအလျောက် နေအိမ်မှ ဆင်းသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စများကို လုံးဝတာဝန်ယူမည်မဟုတ်ပါ။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးစိုးကြည် ၁၃/နစန(နိုင်)၀၀၈၆၂၆
ဒေါ်ခင်ကြွယ် ၁၃/နစန(နိုင်)၀၀၈၆၂၇။

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြု ချောက်မြို့ အနောက်ကုန်းလမ်း ကျောက်ချောလမ်းသစ်ဖွင့်

ချောက် ဇန်နဝါရီ ၁၀

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ချောက်မြို့ အမှတ် (၁၅)နယ်မြေ ရတနာအိုင့်ရပ် အနောက်ကုန်းလမ်း ကျောက်ချောလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၃၀ ရက်က အဆိုပါလမ်းထိပ် မုခ်ဦး၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးသန်းက ကျောက်ချောလမ်းသစ်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်ဥက္ကဋ္ဌ ဦးသီဟနှင့် မြို့နယ်အမှုဆောင်အရာရှိ ဦးစိုးသန်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ဆောင်ရွက်

အနောက်ကုန်းလမ်း ကျောက်ချောလမ်းသစ်မှာ အရှည်ပေ ၁၀၂၀၊ အကျယ် ၁၂ ပေရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ် ၃၀၀၆၅၀၀ ဖြင့် အကုန်အကျခံ၍ ဆောင်ရွက်ခဲ့ကြသည်။ **(မြို့နယ်စည်ပင်)**

သာစည်မြို့နယ်တွင် ရပ်ကွက်၊ ကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေးသင်တန်းဆင်း၊ အလှူငွေပေးအပ်

သာစည် ဒီဇင်ဘာ ၃၁

သာစည်မြို့နယ်တွင် ရပ်ကွက်၊ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေးသင်တန်းဆင်းပွဲနှင့် သမိုင်းဝင် ရွှေယင်မျှော်ဘုရားကြီး ဘက်စုံမွမ်းမံနိုင်ရေးအတွက် အလှူငွေပေးအပ်လှူဒါန်းပွဲကို ဒီဇင်ဘာ ၁၅ ရက် ညနေ ၄ နာရီက မြို့နယ်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မိတ္ထီလာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သန်း တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားပြီး အရည်အချင်းစစ် မေးခွန်းလွှာဖြေဆိုမှုတွင် ထူးချွန်စွာဖြေဆို၍ ပထမ၊ ဒုတိယ၊ တတိယဆုရကြသည့် သူများကို မြို့နယ်ဥက္ကဋ္ဌဦးအောင်အောင်၊ အဖွဲ့ဝင်(၁) ဒုတိယရဲမှူး ကျော်လင်းနှင့် အတွင်းရေးမှူးတို့က ဂုဏ်ပြုဆုများကို ပေးအပ်ပြီး ခရိုင်ဥက္ကဋ္ဌက သင်တန်းသားများကို သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

ထို့နောက် သမိုင်းဝင် ရွှေယင်မျှော်ဘုရားကြီး ဘက်စုံပြန်လည်မွမ်းမံနိုင်ရေးအတွက် သင်တန်းသားများက စုပေါင်းလှူဒါန်းသည့် ငွေကျပ် ၁၀၀၀၀၀ ကို သင်တန်းသားတစ်ဦးကလည်းကောင်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်အောင်နှင့်ဇနီး ဒေါ်ခင်နုတို့က လှူဒါန်းငွေကျပ်၅၀၀၀၀ ကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ ဘုရားဘဏ္ဍာငွေရှာဖွေရေးကော်မတီ ဥက္ကဋ္ဌ အဖွဲ့ဝင်(၁) ဒုတိယရဲမှူးကျော်လင်းက လက်ခံရယူသည်။ **(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

မြို့နယ်သတင်းများ

မျိုးချစ်စိတ်ဓာတ်ရှင်သန်ရေး မိတ္ထီလာ၌ ဟောပြော နယ်လှည့်စာကြည့်တိုက်နှင့် နံရံကပ်စာစောင်များပြသ

မိတ္ထီလာ ဇန်နဝါရီ ၅

မိတ္ထီလာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ ဟောပြောပွဲ၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေး ဟောပြောပွဲနှင့် နယ်လှည့်စာကြည့်တိုက်၊ စာအုပ်ပြပွဲ၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၀ရက် နံနက် ၁၀နာရီက အမှတ် (၉) အခြေခံပညာအလယ်တန်းကျောင်းတွင် ကျင်းပသည်။

ဟောပြောပွဲတွင် ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစောဌေး၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်အုန်းနှင့် မြို့နယ်အသင်း အလုပ်အမှုဆောင် ဒေါ်မော်မော်လှိုင်တို့က မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးတို့နှင့် ပတ်သက်ပြီး ရှင်းလင်းဟောပြောကြသည်။

ထို့နောက် အမှတ်(၉) အခြေခံပညာအလယ်တန်းကျောင်း နယ်မြေရှိ ရွှေပန်းတိုင်၊ မောက်လောက်ကျေးရွာ၊ ကန်သာအေးကျေးရွာ၊ ကန်တောင်ကျေးရွာ၊ ညောင်ပင်လှကျေးရွာ၊ နတ်ကြီးကုန်းကျေးရွာ၊ ခင်းလူးကျေးရွာနှင့် ညောင်မြင့်ကျေးရွာများမှ အခြေခံပညာမူလတန်း ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးတို့က ကျေးရွာစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးနှင့် အဆောက်အအုံ၊ ပရိဘောဂ၊ ငွေပဒေသာပင်နှင့် စာအုပ်များ စုဆောင်းရရှိရေးတို့ကို ညှိနှိုင်းဆွေးနွေးကြသည်။

ဟောပြောပွဲအပြီးတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက နယ်လှည့်စာကြည့်တိုက်၊ စာအုပ်ပြပွဲ၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲတို့ကို ခင်းကျင်းပြသကြရာ ကျောင်းသား၊ကျောင်းသူများက ဖတ်ရှုလေ့လာကြသည်။ **(ခရိုင် ပြန်/ဆက်)**

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကလေးပြိုင်ပွဲနှင့် ဆုပေးပွဲ စဉ့်ကူး၌ ကျင်းပ

စဉ့်ကူး ဇန်နဝါရီ ၈

စဉ့်ကူးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသော (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကလေးပြိုင်ပွဲနှင့် ဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၄ရက် နံနက် ၈နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ချိုချိုစန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ချိုချိုစန်းနှင့် တာဝန်ရှိသူတို့က ပြိုင်ပွဲတွင် ဆုရရှိကြသော လွတ်လပ်ရေး မောင်မယ် ဆုနှစ်ဆု၊ အမြွှာဆုသုံးဆုနှင့်အုပ်စုအလိုက်ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသော ကလေးများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

လှိုင်းဘွဲမြို့ အဖွဲ့ပိုင်ရုံးဝင်းတွင် အဖွဲ့ဝန်ထမ်းများ သီးပင်စားပင်များစိုက်ပျိုးခြင်းနှင့် ပျိုးဥယျာဉ်အတွင်း ပျိုးပင်များပျိုးထောင်စိုက်ပျိုးခြင်းကို ဒီဇင်ဘာ ၅ရက်က အမှုဆောင်အရာရှိ ဦးမောင်မောင်ငြိမ် ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ဗန်းမော်မြို့ ပေါက်ကုန်းလမ်းတစ်လျှောက် ရေနုတ်မြောင်းတူးဖော်ခြင်းနှင့် လမ်းပခုံးပြုလုပ်ခြင်းတို့ကို ဒီဇင်ဘာ ၂၆ ရက်က အငယ်တန်းအင်ဂျင်နီယာ(၂) ဦးမျိုးအောင်ခေါင်းဆောင်သော အဖွဲ့ဝန်ထမ်းများဖြင့် ဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကိုလတ် ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

တိုင်းရင်းဆေးသင်တန်း ဗန်းမောက်မြို့၌ဖွင့်

ဗန်းမောက် ဒီဇင်ဘာ ၁၈

ကသာခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးဖွင့်လှစ်သည့် မြန်မာ့ရိုးရာ တိုင်းရင်းဆေး ဆင့်ပွားသင်တန်း ၃/၂၀၀၆ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁ရက်က ဗန်းမောက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်မိခင်နှင့် ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ချိုချိုအောင်က အဖွင့်အမှာစကား ပြောကြားသည်။ **(မြို့နယ် ပြန်/ဆက်)**

ပေါက်ခေါင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်အတွင်း စည်ပင်သာယာရေး အဖွဲ့ဝန်ထမ်းများ မြို့ပတ် (၁) လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းကို ၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်က အမှုဆောင်အရာရှိ ဦးကြည်စိုး ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ ခုနှစ်
ပြာသိုလပြည့်ကျော် ၁၂ ရက်
၁၄-၁-၂၀၀၇ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ဝဋ္ဋသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၀:၀၀ သုတစုံစွာ သိမှတ်စရာ (ကျန်းမာရေးအကြောင်း သိကောင်းစရာတချို့-သိပ္ပံမှူးတင်)
၁၁:၁၅ နိုင်ငံစီးပွားလုပ်ငန်းများ (မန္တလေးတိုင်း သစ်တောကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုများ)
၁၁:၃၀ မေတို့တွက်တာ အလုကမ္ဘာ
၁၁:၄၅ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) ချစ်ပြုံးမဇ္ဈူ (ခိုင်ဝါ)
(၂) ချစ်သူရှေ့မှောက်ရောက် လေသောအခါ (ခင်မောင်ကြည်)
(၃) မောင့်ချစ်စကား (ခင်လေးညို)
၁၂:၀၀ ကလေးများ၏ ပုံပြောပြိုင်ပွဲ (စံပြမောင်နှမများ)
၁၂:၃၀ ဇာတ်လမ်းပမာနားဆင်စရာ (အတူတူစားတော့ မြိန်လှသည်)
၁၃:၁၀ ယဉ်ကျေးမှုအနုပညာ (ပြာသိုလ မြင်းခင်းသဘင်ပွဲတော်-ဒေါ်စောမုံညင်း)

ညနေပိုင်း

၁၆:၁၀ နေ့စဉ်သုံး အီဒီယမ်
၁၇:၀၀ ဟာဒယရွှင်ဆေး (လူရွှင်တော် နေကျော်၊ ဒီလုံးနှင့် ကစ်ကစ်)
၁၇:၁၅ မြန်မာ့မူဟန်ဇာတိမာန် ဟောပြောချက် (မြန်မာ့ရဲမက် စစ်လက်နက်) (ညွှန့်ဟံ-ကြူတော)
၁၇:၃၀ တေးရေးသူအကြိုက် (ဂီတစာဆို ရွှေမြိုင်မောင်မောင်)
၁၈:၄၅ အာယုနှင့်သာစုဆွေးနွေးခန်း
၁၉:၁၅ ကိုယ်တိုင်ရွေးချယ် နားဆင်မယ်
၂၀:၃၀ အင်္ဂလိပ်စကားပြောသင်ခန်းစာ (ဒေါ်နှင်းရည်)
၂၀:၄၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) အချစ်ပုန်းလေး လူမိသွားပြီ (မေစန္ဒာ)
(၂) အတူတူနေချင်တယ် (သန်းဖေလေး)
(၃) သနားချစ်ကလေးနဲ့ မချစ်တော့ဘူးလား (ချိုပြုံး)

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်းတော်အတွင်းရှိ ကုန်းတော်မြတ်နေရာ၌ ဗုဒ္ဓဂယာ အောင်မြေဗောဓိ မဟာဗောဓိစေတီတော်မြတ်ပုံစံတူ ဗုဒ္ဓဂယာမဟာဗောဓိသိမ်တော်မြတ်စေတီတော် တည်ထားကိုးကွယ်ဆောက်လုပ်ရန်အတွက် ဦးမြင့်အောင်(၈၃)နှစ်မြောက် မွေးနေ့အထိမ်းအမှတ်(အောင်ဂေဟာ)မိသားစု ၄၃/၂၉ ရွှေတောင်ကုန်းရိပ်သာ ဗဟန်းမြို့နယ် ရန်ကုန်တိုင်းက အလှူငွေကျပ် ၁၂၄၀၀၀ ကို အမှူဆောင်ဆရာတော် ပြည်တော်သာ အရှင်စန္ဒန(ဓမ္မာစရိယ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

ကန်ပတ်လမ်း ကတ္တရာခင်း

ပင်းတယ ဇန်နဝါရီ ၁

ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်းတယမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများဆောင်ရွက်သည့် ကန်ပတ်လမ်းကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်မှုကို ဒီဇင်ဘာ၁၅ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးတင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးနိုင်ဝင်းအောင်တို့ ကွင်းဆင်းကြီးကြပ်ပေးကြသည်။ **(နယ်စပ်/စည်ပင်)**

ဦးပညာဇောတ အမှူးထား၍ ဦးဖုန်း(၈)နှစ်ပြည့်အား ရည်စူးပြီး ရန်ကုန်မြို့ လသာမြို့နယ် လမ်း ၂၀ အမှတ်(၁၁၁)နေ ဒေါ်ကြင်ရွှေ၊ သမီး ဒေါ်စီစီ၊ မြေးထွန်းနိုင်ဦးမိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် တစ်သိန်းကို ပိဋကနှစ်ပုံခွဲဆောင် ဆရာတော် ဘဒ္ဒန္တသီလာစာရထံ ရေစက်ချအနုမောဒနာတရား နာယူပြီး တိ=နိ (ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ရွှေသောင်ယံမြို့၌ စပါးထားတံတားတည်ဆောက်

ပုသိမ် ဒီဇင်ဘာ ၂၀

ပုသိမ်မြို့နယ် ရွှေသောင်ယံမြို့ ချောင်းသာ–ရွှေသောင်ယံ လမ်းပေါ်ရှိ စပါးထားတံတား တည်ဆောက်ပြီးစီးမှုကို ဒီဇင်ဘာ ၈ရက်က ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့်အဖွဲ့ သွားရောက်စစ်ဆေးရာ ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးနှင့် ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုင်းထွန်းထွန်းတို့က လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

အဆိုပါ စပါးထားတံတားမှာ ချောင်းသာ–ရွှေသောင်ယံမြို့သို့ ဆက်သွယ်ထားသော တံတားဖြစ်ပြီး အရှည်ပေ ၁၀၀၊ အကျယ် ၁၆ပေ၊ တိုင်နှင့်ရက်မ သံကူကွန်ကရစ်နှင့် ကြမ်းခင်းဘီးလမ်းတို့ကို သစ်သားဖြင့်တည်ဆောက်ခဲ့ပြီး ၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ် နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သည့် တံတားဖြစ်သည်။ **(မြို့နယ် စည်ပင်)**

နှစ်ဖက်သောမိဘများအား အမှူးထား၍ ရန်ကုန်မြို့ လမ်း ၅၀ သန်းထိုက် ရတနာရောင်စုံပုံနှိပ်တိုက်နေ အစ်မကြီး ဆရာမ ဒေါ်မေစီထွန်းအောင်နှင့် ဦးဝင်းအောင်–ဒေါ်နုနုဝင်း၊ သမီး မစုစုစိုးစံ၊ မသင်းသီရိစံ မိသားစုက ဧရာဝတီတိုင်း မြန်အောင်မြို့ ပရဟိတမြို့ရွှေကျောင်းတိုက် မြန်အောင်သမ္ဗုဒ္ဓေစေတီရံများ နှစ်စဉ်ရွှေသင်္ကန်းကပ်လှူရန် ရာသက်ပန် ရွှေသင်္ကန်းထာဝရ ပဒေသာတစ်ပင်အတွက် ငွေကျပ်တစ်သိန်း လှူဒါန်းရာ သာသနာပြုဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်တော်မူစဉ်။ (က–ပ)

တာချီလိတ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အမကကျောင်းများသို့ တုံကင်အဝီစိရေတွင်းလှူဒါန်း

တာချီလိတ် ဒီဇင်ဘာ ၁၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင်နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ တာချီလိတ်မြို့နယ် ဟွေခိုက်နှင့် လွယ်စတုံ အခြေခံပညာ မူလတန်းကျောင်းများ အတွက် ငွေကျပ်ငါးသိန်း တန်ဖိုးရှိ တုံကင်အဝီစိရေတွင်း နှစ်တွင်းပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်လှူဒါန်းပွဲကို ဒီဇင်ဘာ ၄ ရက် နံနက် ၁၀နာရီက မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နာယက ဒေါ်သင်းသင်းရည်နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သန်းရွှေတို့က ရေတွင်းနှင့် သက်ဆိုင်သော စာရွက်စာတမ်းများကိုလွှဲပြောင်းပေးအပ်ရာမြို့နယ် ပညာရေးမှူးကိုယ်စား အထက်တန်းကျောင်းအုပ်ဆရာကြီး ဦးအတူးက လက်ခံရယူသည်။ **(အောက်ပုံ)**

(ခရိုင် ပြန်/ဆက်)

(၅၉) နှစ်မြောက်လွတ်လပ်ရေးနေ့ကိုဂုဏ်ပြုသောအားဖြင့် မြန်အောင် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ဆောင်ရွက်သော ရွှေဘုံသာတာကြီးတန်းလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၂ ရက်က ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့်နှင့် ဟသ်ာတခရိုင်ဥက္ကဋ္ဌ ဦးကြည်တင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

နမ့်ကုန်း–ဟောင်ဟင်လမ်း ကျောက်ချောလမ်းခင်း

မိုင်းဖြတ် ဇန်နဝါရီ ၁

ရှမ်းပြည်နယ် (အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုး ဒီဇင်ဘာ ၂၀ ရက်က မိုင်းဖြတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်လျက်ရှိသော ကျေးလက်လမ်း ဖြစ်သည့် နမ့်ကုန်း–ဟောင်ဟင်လမ်း ကျောက်ချောခင်းခြင်း လုပ်ငန်းကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

(မြို့နယ်စည်ပင်)

ရွှေဘို အလင်းသစ်စာကြည့်တိုက် အဆောက်အအုံဖွင့်

ရွှေဘို ဇန်နဝါရီ ၈

ရွှေဘိုမြို့နယ် တည်ပင်(အရှေ့)ကျေးရွာတွင် အလင်းသစ် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂ရက် နံနက် ၁၀နာရီက တည်ပင်(အရှေ့)ကျေးရွာ အမကမူလွန်ကျောင်းခန်းမ၌ ကျင်းပသည်။

လှူဒါန်း

အခမ်းအနားသို့ ရွှေဘိုခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်တင့်က စာကြည့်တိုက်ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် မှတ်ပုံတင်နိုင်ရေးတို့ကို အကျယ်တဝင့် ရှင်းလင်းပြောကြားပြီး ကျေးရွာစာကြည့်တိုက်သို့ စာအုပ်များ လှူဒါန်းကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဆက်လက်ပြီး ကျေးရွာဥက္ကဋ္ဌ ဦးကျော်မင်းဦးက ကျေးဇူးတင်စကား ပြောကြားပြီး ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ်ရှေ့တွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်တင့်၊ ကျေးရွာဥက္ကဋ္ဌ ဦးကျော်မင်းဦးနှင့် ဗိုလ်ကြီးမြင့်ဇော်(အငြိမ်းစား)တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

(ခရိုင် ပြန်/ဆက်)

ညောင်လေးပင်မြို့ ရှမ်းရွာကျေးရွာအုပ်စု ဖအောင်းကျေးရွာတွင် ပညာ့အလင်းရောင် စာကြည့်တိုက် အဆောက်အအုံသစ်ကို ဒီဇင်ဘာ ၂၃ရက်က မြို့နယ်ဥက္ကဋ္ဌ (ခေတ္တ) မြို့နယ်ရဲတပ်ဖွဲ့ ဒုတိယရဲမှူး စောစန့်ဒိုးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး(ခေတ္တ) ဦးမျိုးသိုက်ထွန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

အသက်(၇၅)နှစ်အထက် စစ်မှုထမ်းဟောင်းများ ထောက်ပံ့ငွေပေးအပ်ပွဲ ဖြူးမြို့၌ကျင်းပ

ဖြူး ဒီဇင်ဘာ ၃၁

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီက အသက်(၇၅)နှစ်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ထောက်ပံ့ငွေ ပေးအပ်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၉ရက်နံနက် ၉နာရီက တောင်ငူခရိုင် ဖြူးမြို့နယ် စစ်မှုထမ်းဟောင်းရုံး၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမြသောင်း၊ မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးခင်မောင်(ငြိမ်း)နှင့် မြို့နယ်စည်းရုံးရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးခင်မောင်(ငြိမ်း)က အမှာစကားပြောကြားပြီး အသက်(၇၅)နှစ်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ခြောက်ဦးတို့အား တစ်ဦးလျှင် ငွေကျပ်တစ်သောင်းနှုန်းဖြင့် တာဝန်ရှိသူများကတစ်ဦးချင်းထောက်ပံ့ငွေ ပေးအပ်ကြသည်။ **(၂၈၄)**

ကမာရွတ်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်ဦး ဇန်နဝါရီ ၉ ရက်က ရပ်ကွက်(၁) ပညာပဒေသာ စာကြည့်တိုက်နှင့် ရပ်ကွက်(၂) အလင်းတန်းစာကြည့်တိုက်တို့မှ ရပ်ကွက်ဥက္ကဋ္ဌများ၊ စာကြည့်တိုက် ကော်မတီဝင်များအားတွေ့ဆုံကာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှင်းလင်းဆွေးနွေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း တပ်ကုန်းမြို့နယ်ရှိ မွေးမြူရေးဇုန်များကို ကြည့်ရှုစစ်ဆေး တိရစ္ဆာန်ရောဂါကာကွယ်ဆေးများထိုးနှံပေးရန်မှာကြား

နေပြည်တော် ဇန်နဝါရီ ၁၂

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ညွှန့်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၁၁ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်း တပ်ကုန်းမြို့နယ် ကံကြီးကျေးရွာ မွေးမြူရေးဇုန်(၁)ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း(ဗဟို) နို့စားနွားမွေးမြူရေးခြံသို့ ရောက်ရှိပြီး မွေးမြူရေးခြံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းလိုအပ်ချက်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ကြည့်ရှုအားပေး

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် မွေးမြူရေးဇုန်(၁)ရှိ မွေးမြူရေးလုပ်ငန်းရှင် ဦးလှမျိုးကျော်၏ နို့စားနွားမွေးမြူရေးခြံကို သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် မွေးမြူရေးလုပ်ငန်းရှင် ဦးနေလင်းအောင် ၏ ဆိတ်မွေးမြူရေးခြံသို့ သွားရောက်ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများအား တိရစ္ဆာန်ရောဂါကာကွယ်ဆေးများ ထိုးနှံပေးရန် မှာကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✡

ဖဲကြိုးဖြတ်ဖွင့်လှစ်

ပင်လုံမြို့နယ် အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်း၊ ဝမ်အင်ကျေးရွာ ရပ်မိရပ်ဖ ဦးလုံးမှူးနှင့် ဝမ်လုံကျေးရွာ ရပ်မိရပ်ဖ ဦးစိုင်းလှဦးတို့ ပင်လုံမြို့နယ် ဝမ်အင်-ဝမ်လုံ စံပြကျေးရွာကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အစိုးရသည် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင် နိုင်ငံတော်ကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိ ပင်လုံမြို့နယ် ဝမ်အင်-ဝမ်လုံစံပြကျေးရွာ မြို့ပြနှင့်မခြား ဖွံ့ဖြိုးတိုးတက်

ရန်ကုန် ဇန်နဝါရီ ၁၂

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဟူသည့် ဒို့တာဝန်အရေးသုံးပါးကို အစဉ်ဦးထိပ်ပန်ဆင်လျက် နိုင်ငံတော်ကြီးကို အဘက်ဘက်မှ ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိသည်။

ဖွံ့ဖြိုးတိုးတက်

ထိုသို့ ဆောင်ရွက်ပေးမှုများကြောင့် ဖွံ့ဖြိုးတိုးတက်လာသည့် ကျေးရွာများအနက် ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် ပင်လုံမြို့နယ် ပင်လုံအရှေ့အုပ်စုရှိ ဝမ်အင်-ဝမ်လုံကျေးရွာသည်လည်း အပါအဝင်ဖြစ်သည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဝမ်အင်-ဝမ်လုံ စံပြကျေးရွာ ဖွင့်ပွဲအခမ်းအနားကို ၂၀၀၆ခုနှစ် ဒီဇင်ဘာ ၂၃ရက် နံနက် ၁၁နာရီခွဲတွင် အဆိုပါကျေးရွာ၌ ကျင်းပရာ ပင်လုံမြို့နယ် အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်း၊ ဝမ်အင်ကျေးရွာ ရပ်မိရပ်ဖ ဦးလုံးမှူးနှင့် ဝမ်လုံကျေးရွာ ရပ်မိရပ်ဖ ဦးစိုင်းလှဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ အဆိုပါ အခမ်းအနားသို့ လွိုင်လင်ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊

စာမျက်နှာ ၈ ကော်လံ ၁ ■

အာဆီယံချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ စတင်ယှဉ်ပြိုင် မြန်မာနှင့်ထိုင်းတို့ အိမ်ရှင်ပရိသတ်ရှေ့၌ တစ်ဂိုးစီသရေကျ

ရန်ကုန် ဇန်နဝါရီ ၁၂

အာဆီယံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၇ခုနှစ် အာဆီယံချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ (ASEAN Football Championship 2007) အုပ်စု(က)ပွဲစဉ်များကို ယနေ့ညနေပိုင်းက ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ စတင်ယှဉ်ပြိုင်ကစားရာ ပထမပွဲစဉ်၌ မလေးရှားအသင်းက ဖိလစ်ပိုင်အသင်းကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ဒုတိယပွဲစဉ်၌ ထိုင်းအသင်းနှင့် မြန်မာအသင်းတို့ တစ်ဖက်တစ်ဂိုးစီ သရေပွဲဖြစ်သွားသည်။

ပထမပိုင်းတွင် ထိုင်းအသင်းက ခြေအသာစီးမှ ကစားပြီး အကြိမ်ကြိမ်ထိုးဖောက် ဂိုးသွင်းခွင့်များရရှိသော်လည်း မြန်မာအသင်းမှ ဂိုးသမားအောင်အောင်ဦး အစွမ်းပြကာကွယ်နိုင်ပြီး နောက်တန်းလူများက ကြံ့ကြံ့ခံ ဖျက်ထုတ်ကာကွယ်နိုင်၍ ဂိုးမပေးရခြင်းဖြစ်သည်။

စာမျက်နှာ ၉ ကော်လံ ၄ ❐

သတင်းမြင်ကွင်း ကိုတွေ့

မိုးလေဝသအခြေအနေ

၁၃-၁-၂၀၀၇

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် သာယာမည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် သာယာမည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် သာယာမည်။